ကြေးမုံ
The Mirror

၁၃၆၅ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ (23-7-2003) (၃၉၄၀)

ဗြဟ္မစရိယဥ္စ တော် မင်္ဂလ မုတ္တမံ။

မြတ်သောအကျင့်ကို ကျင့်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

အီဂျစ်အာရပ်သမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၂၃

၂၀၀၃ခုနှစ် ဇူလိုင် ၂၃ ရက်၌ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုဟာမက်ဟိုစ်နီ မူဘာရက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ရောဝတီတိုင်း၏မြို့တော် ပုသိမ်မြို့သည် ဘက်စုံဖွံ့ဖြိုးတိုးတက်သည့်အလျောက် ဘာသာ၊ သာသနာရောင်ဝါ ပွင့်လန်းလျက်ရှိရာ မြို့ကျက်သရေဆောင် သာသနာ့ဗိမာန်ကြီး တည်ဆောက်ထားသည်ကို ဤသို့မှတ်တမ်းတင်ခဲ့သည်။ ဓာတ်ပုံ–ငွေအောင်(ကြေးမုံ)

ဦးအေးမောင်အား ရှေ့နေချုပ်ခန့်အပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
(အမိန့်အမှတ် ၃/၂၀၀၃)
၁၃၆၅ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်
(၂၀၀၃ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)
ရှေ့နေချုပ်ခန့်ထားခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ရှေ့နေချုပ်တာဝန်ကို ပူးတွဲထမ်းဆောင်လျက်ရှိသော ဦးအေးမောင်အား ယနေ့မှစ၍ ရှေ့နေချုပ်အဖြစ် ခန့်အပ်လိုက်သည်။

အမိန့်အရ
(ပုံ) ခင်ညွန့်
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ရိုးသား၊ ကြိုးစား၊ ဧရာဝတီသားတို့၏ နိုးကြားတက်ကြွသော အားမာန်ဖြင့် ဖွံ့ဖြိုးလာသည့် နိုင်ငံတော်၏ စပါးကျီ တိုင်းရော၏ မြို့ပုသိမ်

သတင်းဆောင်းပါး –ရွှေတင်အုန်း
ဓာတ်ပုံမှတ်တမ်း –ငွေအောင်(ကြေးမုံ)

ရန်ကုန် ဇူလိုင် ၂၂

ဧရာဝတီတိုင်း၏ မြို့တော်သည် ပုသိမ်မြို့ ဖြစ်သည်။ မြောက်လတ္တီတွဒ် ၁၅ဒီဂရီ ၅၀မိနစ်နှင့် ၁၇ဒီဂရီ ၃၀မိနစ်အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ ၁၀မိနစ်နှင့် ၉၅ဒီဂရီ ၂၈မိနစ်အကြား တည်ရှိသည်။ နယ်နိမိတ်မှာ မြောက်ဘက်တွင် ဟင်္သာတခရိုင်နှင့် သံတွဲခရိုင်၊ အရှေ့ဘက်တွင် မအူပင်ခရိုင်နှင့် မြောင်းမြခရိုင်၊ တောင်နှင့် အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်ရှိသည်။

ပုသိမ်မြို့၏ မြေမျက်နှာပြင်မှာ မြောက်မှတောင်သို့ ပျမ်းမျှ ၁၁၂မိုင်ရှည်လျား၍ အရှေ့မှအနောက်သို့ ၆၂မိုင် ကျယ်ဝန်းသည်။ ဧရိယာစတုရန်းမိုင် ၄၂၀၈ ဒသမ ၄၃ရှိ၍ ဧကအားဖြင့် ၂၆၉၃၃၉၄ဧကရှိသည်။ မြစ်ကြောင်းပြောင်းလဲမှု၊ ကမ်းပြိုမှု၊ မြေပြင်ပြောင်းလဲမှုများမရှိဟု သိရသည်။ ပူအိုက်စွတ်စိုသော ရာသီဥတုရှိ၍ ပျမ်းမျှအနိမ့်ဆုံးအပူချိန် ၂၃ဒီဂရီ စင်တီဂရိတ်၊ အမြင့်ဆုံး ၃၁ဒီဂရီ **စာမျက်နှာ ၂ ကော်လံ ၃ သို့** ❃

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမိမြန်မာပြည်အား အသိပညာရှင်၊ အတတ်ပညာရှင်၊ တပ်မတော်သား၊ တောင်သူလယ်သမားများ ဝန်းရံကာကွယ်ထားသော "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" စည်းလုံးညီညွတ်မှု စွမ်းပကားနှင့်အားမာန်ကို ဖော်ဆောင်လျက်ရှိသော ရုပ်တုများကို ပုသိမ်မြို့ မဟာဗန္ဓုလလမ်းနှင့် မုံရွာ–ရေဦးလမ်းဆုံတွင် ဤသို့ တွေ့နိုင်သည်။
ဓာတ်ပုံ–ငွေအောင် (ကြေးမုံ)

ယနေ့ထုတ်ဓာင်ရေ
၂၂၄၄၂၀

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၂၃-၇-၂၀၀၃
(ဗုဒ္ဓဟူးနေ့)

ပြည်သူအားလုံး ကျန်းမာကြံ့ခိုင်စေရေး

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာတွင် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ တက်ကြွသော ပူးပေါင်းပါဝင်မှု စွမ်းအားကို အားထား ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်က တိုင်းရင်းသားပြည်သူအားလုံး၏ ကျန်းမာကြံ့ခိုင်သန်စွမ်းရေးကို ကျန်းမာရေးဆိုင်ရာ အမျိုးသားရေး မျှော်မှန်းချက်တစ်ရပ်အဖြစ် ဦးတည်ချမှတ်ပြီး အကောင်အထည်ဖော်လျက်ရှိသည်။ ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် စနစ်တကျ စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်အစိုးရက နယ်စပ်အစွန်အဖျားဒေသများပါမကျန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆေးရုံ၊ ဆေးပေးခန်းများတိုးချဲ့မြှင့်တင်ပေးခြင်း၊ အထူးကုဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ဆရာဝန်၊ ဆရာမ၊ သူနာပြုများ တိုးမြှင့်ခန့်ထားခြင်းတို့ဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လွှမ်းခြုံဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူများ၏ ကျန်းမာရေးအတွက် ရောဂါကြိုတင်ကာကွယ်ရေး၊ ကျန်းမာရေးအဆင့်အတန်းမြင့်မားရေး၊ ရောဂါရှာဖွေကုသရေးနှင့် ကျန်းမာမှုပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တာဝန်ယူကုသ ပညာပေး ဖြည့်ဆည်းပေးလျက်ရှိသည်။

ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်လျက်ရှိသည်။ ငှက်ဖျားရောဂါ၊ ဆင်ခြေထောက်ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ တီဘီရောဂါ၊ အနာကြီးရောဂါစသည့် ရောဂါများနှင့် ရာသီအလိုက်ဖြစ်ပွားတတ်သော ကူးစက်ရောဂါများကို ကာကွယ်နိုင်ရန် စီမံချက်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

ကျန်းမာရေးသည် ပြည်သူတစ်ရပ်လုံးအတွက် လိုအပ်ချက်ဖြစ်၍ လူတိုင်းလူတိုင်း ကျန်းမာခြင်းနှင့် ပြည့်စုံကောင်းမွန်နေရန် လိုအပ်သည်။ ပြည်သူများအားလုံး ကျန်းမာခြင်းသုခရရှိစေရန် ဖန်တီးဖော်ဆောင်ရာ၌ ကျန်းမာရေးဌာနတစ်ခုတည်းသာမက ပြည်သူလူထုကပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်သည်။

ပြည်သူလူထုက ကျန်းမာရေးအသိအမြင်ဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများတွင် စနစ်တကျလိုက်နာပါဝင် ကူညီကြရမည်ဖြစ်သည်။ ယခုအချိန်ကဲ့သို့ မိုးရာသီကာလတွင် ဖြစ်လေ့ဖြစ်ထရှိသည့် သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းလျှောဝမ်းပျက်ရောဂါ၊ နှာစေးအဖျားရောဂါများ မဖြစ်ပွားစေရန် အစားအသောက်၊ အနေအထိုင်၊ သွားလာလှုပ်ရှားမှုများကို သတိပြုဆင်ခြင်ကြရမည် ဖြစ်သည်။

ပြည်သူများက နေအိမ်၊ ရပ်ကွက်၊ လမ်းများအလိုက် သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ ခြင်၊ ယင်များ ကင်းစင်ရေးအတွက် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရေတွင်းရေကန်များ ပိုးသတ်ဆေးဖျန်းခြင်း၊ ရေစည်၊ ရေအိုးများ စနစ်တကျဖုံးအုပ်ထားခြင်း စသည့် ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်ထားသော ပညာပေးဆောင်ပုဒ်များ၊ နှိုးဆော်ချက်များကို သိရှိလိုက်နာကြရန် လိုအပ်သည်။ ရာသီအလိုက်ဖြစ်ပွားတတ်သော ကူးစက်ရောဂါများ မဖြစ်ပွားစေရန် သတိပေးနှိုးဆော်ချက်များကို ပြည်သူတိုင်းက အလေးထား လိုက်နာကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်စေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက် ရှိသည့်နည်းတူ ပြည်သူလူထုအားလုံးကလည်း ကျန်းမာရေးသတိဖြင့် ဆင်ခြင်နေထိုင်ကြပြီး ကျန်းမာရေးအသိအမြင်ဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ကိုးမိုင်မဟာစည် သာသနာ့ရိပ်သာ မေတ္တာအခါတော်နေ့ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၂

ကိုးမိုင်မဟာစည် သာသနာ့ရိပ်သာတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မေတ္တာအခါတော်နေ့ သက်လွှတ်ပွဲနှင့် မေတ္တာပို့ရွတ်ဆိုပူဇော်ပွဲကို ၁၃၆၅ခုနှစ် ဝါခေါင်လပြည့်၊ ဩဂုတ် ၁၂ရက်(အင်္ဂါနေ့) နံနက် ၈နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူတိုင်း ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)



❀ ရှေ့ဖုံးမှ

စင်တီဂရိတ်ရှိသည်။ မိုးရေချိန်လက်မ ၉၀ဒသမ ၃၀ ရွာသွန်းမြဲဖြစ်သည်။

ရှုံးစိုက်ရာမြို့

ပုသိမ်ခရိုင်၏ ရုံးစိုက်ရာမြို့မှာ ပုသိမ်မြို့ဖြစ်ပြီး သမိုင်းတွင် အမည်ခုနစ်မျိုးဖြင့် ထင်ရှားခဲ့သည်။ သမိုင်းကြောင်းအရ အနှစ်ချုပ်အားဖြင့် မွန်သုံးရပ်တွင် ပုသိမ်မြို့သည် မွန်ညဒေသ၌ ပါဝင်သည်။ ပုသိမ်မြို့၏ မူလအစ ပထမအမည်မှာ "အတိသဉ္ဇနာဂရ"၊ နိဗ္ဗာန်ကူးဆိပ် "ကုသိမရဋ္ဌ"ဒုတိယအမည်၊ "ပုသိမနဂရ"တတိယအမည်၊ စတုတ္ထအမည် "ပသိမ်မြို့"၊ သာသနာပြုသမုဒ္ဒဃောသမင်း၏ ဖခမည်းတော် စိုးစံချိန် ပဉ္စမအမည် "ပုသိမ်"၊ သမုဒ္ဒဃောသမင်းနှင့် ဥမ္မာဒန္တီတို့ လက်ထက် (နဂရ=မြို့၊ ဝေပုလ္လ=စည်ပင်သာယာဝပြောခြင်း) "နဂရဝေပုလ္လ" ဆဋ္ဌမအမည်၊ ခရစ်နှစ် ၁၅၈၆ ခုနှစ်၊ သာသနာသက္ကရာဇ် ၉၄၈ခုနှစ်တွင် ပုသိမ်မြို့ကို မွန်ဘာသာဖြင့် "ကော့သမိန်" သတ္တမမြောက်အမည်၊ သက္ကရာဇ် ၅၃၆ခုနှစ်၊ ပုသိမ်မြို့ဟူ၍ မော်ကွန်းစိုက်ထူကြောင်းရွှေတိုက်တော် စာရင်းစာတမ်းတွင် ဖော်ပြထားသည်။

ဖွံ့ဖြိုးတိုးတက်

ကြေးမုံသတင်းအဖွဲ့သည် ဇူလိုင် ၁၅ရက် နံနက် ၈နာရီတွင် အဝေးပြေးဂိတ်မှ ပုသိမ်သို့ စိုးအေးမော်တော်ယာဉ်ဖြင့်ထွက်ခွာခဲ့ရာ မွန်းလွဲ ၁နာရီတွင် ပုသိမ်မြို့သို့ရောက်သည်။ ဇူလိုင် ၁၆ရက်နှင့် ၁၇ရက်တို့တွင် ဧရာဝတီတိုင်း၏ မြို့တော် ပုသိမ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကိုကြည့်ရှုလေ့လာကြသည်။

ပုသိမ်မြို့သည် တိုင်းမြို့တော်တစ်ခုဖြစ်သည်နှင့်အညီ မြို့ပြတစ်ခု၏ အင်္ဂါရပ်များ ပြည့်စုံအောင် တည်ဆောက်ထားကြောင်း တွေ့ရှိရသည်။

ရန်ကုန်မြို့မှ ပုသိမ်မြို့အဝင်တွင် "ဧရာဝတီတိုင်း၏မြို့တော် ပုသိမ်မြို့မှ လှိုက်လှဲစွာကြိုဆိုပါ၏" စာတန်းပါ မုခ်ဦးအား ပုသိမ်ထီးဆောင်း၍ ခရီးသွားပြည်သူများကို ကြိုဆိုလျက်ရှိသကဲ့သို့ "ရိုးသား၊ ကြိုးစား၊ ဧရာဝတီသား" ဆောင်ပုဒ်ကလည်း ဧရာဝတီတိုင်းသားတို့၏ ဂုဏ်ပုဒ်ကို ဖော်ညွှန်းလျက်ရှိသည်။

ပုသိမ်လေယာဉ်ကွင်းမှာ ပြေးလမ်းများ ပြီးစီးနေပြီဖြစ်သည်။ လိုအပ်သော လေဆိပ် အဆောက်အအုံလုပ်ငန်းများကို ပွင့်လင်းရာသီတွင် ဆောက်လုပ်မည်ဟု သိရသည်။ ပုသိမ်လေယာဉ်ကွင်း၏ လေယာဉ်ပြေးလမ်းမှာ အလျားပေ ၁၂၀၀၀၊ အနံပေ ၃၀၀ ရှိမည်ဟု သိရသည်။

မြို့တော်၏ပန်းဥယျာဉ်

ပုသိမ်မြို့ မဟာဗန္ဓုလလမ်း လက်ယာဘက်တွင် မဟာဗန္ဓုလပန်းခြံရှိသည်။ မဟာဗန္ဓုလပန်းခြံသည် သန့်ရှင်းသာယာပြီး ပန်းခြံအင်္ဂါရပ်များဖြင့် ပြည့်စုံသည်ဟု ဆိုရမည်ဖြစ်သည်။ ပန်းပေါင်းဝေဆာစွာဖြင့် လှပသည်။ ခံ့ညားတည်ကြည်၍ အားမာန်အပြည့်ထုလုပ်ထားသော မဟာဗန္ဓုလရုပ်တုကို တွေ့ရသည်။

ပုသိမ်ထီးပါမုခ်ဦး

ဧရာဝတီတိုင်း၏ မြို့တော် ပုသိမ်မြို့ကို ရေယာဉ်လမ်းမှ လာရောက်ကြသည့် ခရီးသည်များအား ပုသိမ်ထီးပါမုခ်ဦးက ပုသိမ်ဆိပ်ကမ်းမှ ဤသို့ လှိုက်လှဲစွာ ကြိုဆိုလျက်ရှိသည်။

ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)



ဖူးတွေ့

ဧရာဝတီတိုင်းပုသိမ်မြို့တွင် သမိုင်းဝင်တန်ခိုးကြီး စေတီတော် မုဋ္ဌောကိုးဆူရှိရာ တန်ခိုးကြီးစေတီတော်တစ်ဆူဖြစ်သည့် ရွှေမုဋ္ဌောစေတီတော်ကြီးအား ကြည်ညိုသပ္ပာယ်စွာ ဖူးတွေ့ရစဉ်။

ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)

ပုသိမ်မြို့ မုံရွာ-ရေဦးလမ်းနှင့် မဟာဗန္ဓုလလမ်း လမ်းဆုံတွင် ညီညွတ်မှု၊ စည်းလုံးမှုစွမ်းပကားကို ဖော်ဆောင်သော **ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်** စာတန်းပါ ရုပ်တုများကို တွေ့ရသည်။

ပုသိမ်တက္ကသိုလ်

ပုသိမ်မြို့တွင် ကျောင်းသား၊ ကျောင်းသူများ၏ ပုသိမ်တက္ကသိုလ် အဆောက်အအုံကို သန့်ရှင်းသပ်ရပ်စွာ တွေ့မြင်ရပြီး ပုသိမ်တက္ကသိုလ် တိုးချဲ့စာသင်ကျောင်းဆောင် အသစ်များကိုလည်း တွေ့ရသည်။ ဧရာဝတီတိုင်း၏မြို့တော် ပုသိမ်ခရိုင် ပုသိမ်မြို့တွင် သာသနာရေး၊ ဘာသာရေးကိစ္စများ ဆောင်ရွက်ရာတွင် အသုံးပြုသော ကျက်သရေဆောင် သာသနာ့ဗိမာန်ကိုလည်း တွေ့ရသည်။

ပုသိမ်မြို့ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်း လမ်းဆုံအလယ်တွင် လေးဖက်မြင် နာရီစင်ကြီးကို တည်ဆောက်ထားရာ ပုသိမ်မြို့၏ အလှကို တန်ဆာဆင်ထားသည်ဟု ဆိုရမည်ဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၃ သို့ ➪

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ချီတက်ဆန္ဒပြ

အမေရိကန် တပ်ဖွဲ့များအား ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် အီရတ် နိုင်ငံတော်အလံ ကိုင်ဆောင်လျက် ရှီးယားမွတ်စလင်များ ဇူလိုင် ၂၀ရက်က နာဂျက်ဖ်မြို့တွင် ချီတက်ဆန္ဒပြနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ဆန့်ကျင်တိုက်ခိုက်မှုများ ပိုမိုလာမည် အမေရိကန်တပ်မှူးကြီး ခန့်မှန်း ပြောကြား

ဘဂ္ဂဒက် ဇူလိုင် ၂၁

အီရတ်နိုင်ငံ၌ ယခုအခါ ဆက်ဒမ်ဟူစိန်အစိုးရအဖွဲ့နေရာတွင် အစားထိုးတာဝန်ယူမည့် အီရတ် အရပ်ဘက်အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ပြီ ဖြစ်သည်။ ထိုအုပ်ချုပ်ရေးအဖွဲ့သစ် ဖွဲ့စည်းလိုက်သည့်အခြေအနေကြောင့် လာမည့်လများ၌ အီရတ်နိုင်ငံရှိ အမေရိကန်တပ်များအပေါ် ခုခံတိုက်ခိုက်မှုများ ပို၍တိုးပွားလာစရာရှိကြောင်း အီရတ်ရှိ အမေရိကန်စစ်ဦးစီးက တနင်္ဂနွေနေ့တွင် ကြိုတင်ခန့်မှန်းပြောကြားခဲ့သည်။

ယုံကြည်ယူဆ

အလယ်ပိုင်းဒေသ စစ်ဦးစီးမှူး အမေရိကန်ဗိုလ်ချုပ်ကြီး ဂျွန်အဘီဇာအစ်ကကျွန်ုပ်တို့သည် အီရတ်အရပ်ဘက်ကာကွယ်ရေးအဖွဲ့ဖြစ်သည့် ပြည်သူ့စစ်များ ဖွဲ့စည်းလျက်ရှိသည်။ ယင်းပြည်သူ့စစ်များသည် အမေရိကန်တပ်ဖွဲ့များက ဆူပူသောင်းကျန်းမှုများနှင့် အဖျက်လုပ်ရပ်များကို နှိမ်နင်းရာ၌ ပူးပေါင်းကူညီကြရမည်ဖြစ်သည်။ ခုခံတိုက်ခိုက်မှုများနှင့် အဖျက်လုပ်ငန်းများကို ဆက်ဒမ်အားထောက်ခံသူ အကြွင်းအကျန်များက ဆောင်ရွက်နေကြသည်ဟု အမေရိကန်များက ယုံကြည်ယူဆထားကြသည်။

ဗိုလ်ချုပ်ကြီးအဘီဇာအစ်သည် ဘဂ္ဂဒက်ဟိုတယ်တွင်နေ့လယ်စာ စားသုံးရင်း သတင်းထောက်တစ်စုနှင့် တွေ့ဆုံခဲ့သည်။

ကြေညာ

ပြီးခဲ့သော တနင်္ဂနွေနေ့က အီရတ်မြောက်ပိုင်းတွင် ချုံခိုတိုက်ခိုက်မှုဖြစ်ပွားရာ အမေရိကန်စစ်သားနှစ်ဦး သေဆုံးသွားသည်။ အီရတ်စစ်ပွဲစတင်ဖြစ်ပွားသည့် အချိန်မတ်လ ၂၀ ရက်မှစ၍ ရေတွက်လျှင် ယခုအချိန်အထိ ကျဆုံးခဲ့ရသော အမေရိကန်စစ်သားအရေအတွက်မှာ ၁၅၁ ဦးရှိသွားပြီဖြစ်သည်။ မေလ ၁ ရက်နေ့တွင် အမေရိကန်သမ္မတဘုရှ်သည် အီရတ်နိုင်ငံတွင် အဓိကစစ်ပွဲကြီးများ ပြီးဆုံးသွားပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ ထိုနေ့နောက်ပိုင်းတွင် ကျဆုံးရသော အမေရိကန်စစ်သား စုစုပေါင်းမှာ ၃၆ ဦးရှိသွားပြီဖြစ်သည်။

ပူးပေါင်း

ဘဂ္ဂဒက်ဟိုတယ်၌ နေ့လယ်စာစားရင်း သတင်းထောက်များနှင့် တွေ့ဆုံရာသို့ အမေရိကန် ဒုတိယကာကွယ်ရေးဝန်ကြီး ပေါလ်ဝုဖိုဝစ်လည်း လာရောက်ပူးပေါင်းခဲ့သည်။ ၎င်းက အီရတ်တိုက်ခိုက်ရေးသမားများကို ရည်ညွှန်းဖော်ပြရာ၌ ဆန့်ကျင်ခုခံနေသူများဟူသော အခေါ်အဝေါ်ကို မသုံးနှုန်းရန် ပြောကြားခဲ့သည်။

အင်တာနက်။

အီရတ်တွင် နိုင်ငံရေးအရ ဆူပူမှုများ ပြင်းထန်လာ တိုက်ခိုက်မှုများကြောင့် အမေရိကန်စစ်သားနှစ်ဦး သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၂၁

အီရတ်နိုင်ငံတွင် အမေရိကန်သိမ်းပိုက်ရေးတပ်များသည် ဆွန်နီမွတ်စလင်ပြောက်ကျားများကို ရင်ဆိုင်နှိမ်နင်းနေရသည်။ တစ်ချိန်တည်းမှာပင် ယခင်က မကြုံခဲ့ဖူးသေးသော ရှီးယားဘာသာဝင်များနေထိုင်ရာ မြို့၌လည်း တိုက်ခိုက်ခံခဲ့ရပြန်သည်။ ထိုတိုက်ခိုက်မှုကြောင့် အမေရိကန်စစ်သားနှစ်ဦး သေဆုံးသွားသည်။

အီရတ်စစ်ပွဲကြောင့် ဖြစ်ပေါ်လာသော နိုင်ငံရေးအကျိုးဆက်များသည် အမေရိကန်သမ္မတဘုရှ်နှင့် ဗြိတိန်ဝန်ကြီးချုပ်ဘလဲတို့၏ အခြေအနေကိုလည်း သွားရောက်ရိုက်ခတ်နေသည်။ အမေရိကန်သမ္မတအပေါ် လူထုထောက်ခံမှု ကျဆင်းသွားသည်။ အီရတ်လက်ဝယ်ရှိသည်ဆိုသော လူအစုအပြုံလိုက်သေစေသော လက်နက်များ အရှုပ်တော်ပုံပြဿနာတွင် အဓိကသက်သေအဖြစ် ပါဝင်ပတ်သက်နေသူသည် မကြာမီက ကိုယ့်ကိုယ်ကိုယ် သတ်သေသွားခဲ့သည်။ ထိုကိစ္စနှင့် ပတ်သက်၍ ဗြိတိန် ဝန်ကြီးချုပ်မှာလည်း ပြဿနာနှင့် ရင်ဆိုင်နေရသည်။

ဆက်ဒမ်ဟူစိန်သည်အသက်ရှင်လျက်ရှိပြီး အီရတ် တစ်နေရာရာတွင် ပုန်းအောင်း နေထိုင်ဖွယ်ရာ ရှိသည်။ အီရတ်တွင် တရားဝင် အချုပ်အခြာအာဏာပိုင်အရပ်သားအစိုးရပေါ်ပေါက်လာသည့်အချိန်အထိ အနည်းဆုံး အမေရိကန်စစ်တပ်များသည် တစ်နှစ်တာမျှ ဆက်လက်တပ်ချထားရစရာရှိသည်ဟု အီရတ်ရှိ အမေရိကန် အရပ်ဘက်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာက ထုတ်ဖော်ဝန်ခံခဲ့သည်။ အမေရိကန်သိမ်းပိုက်ရေးတပ်များ အီရတ်နိုင်ငံကို ထိန်းချုပ်ထားပြီးနောက်ပိုင်း ဖြစ်ပေါ်လာသော စစ်ရေးအရ ခုခံတိုက်ခိုက်မှုများသည် ဆက်ဒမ်ဟူစိန်က တမင်စီမံထားသည့် နည်းဗျူဟာ၏ တစ်စိတ်တစ်ဒေသ ဖြစ်နိုင်သည်ဟု ပေါလ်ဘရီမာက ဆိုသည်။

အီရတ်နိုင်ငံ မြောက်ပိုင်း မူဆိုးလ်မြို့၏ အနောက်ဘက်တွင် ချုံခိုတိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ရာ အမေရိကန်စစ်သားနှစ်ဦး ကျဆုံးသွားသည်။ ထိုတိုက်ခိုက်မှုကို ဒုံးကန်အားသုံးလက်ပစ်ဗုံးနှင့် လက်နက်ငယ်များ အသုံးပြုပြီး တိုက်ခိုက်ခဲ့ကြခြင်း ဖြစ်သည်။ပုံမှန်အားဖြင့် ကာ့ဒ်များကြီးစိုးရာ မြောက်ပိုင်းဒေသတွင် တိုက်ခိုက်မှုများ ပေါ်ပေါက်လေ့မရှိကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ ယခုကျဆုံးသော စစ်သည်နှစ်ဦးပါ ပေါင်းလျှင် အီရတ်စစ်ပွဲအတွင်း အမေရိကန် အကျအဆုံးသည် ၁၅၀ ဦး ရှိသွားပြီဟု ဆိုသည်။

အင်တာနက်။

သမ္မတဘုရှ် ပုံကြီးချဲ့၊ မချဲ့ ဝန်ခံရန်တိုက်တွန်း

ဝါရှင်တန် ဇူလိုင် ၂၀

သမ္မတဘုရှ်အနေဖြင့် အီရတ်ဆိုင်ရာ ထောက်လှမ်းရေးအချက်အလက်အငြင်းပွားမှုကို အမေရိကန်ပြည်သူများအား ပုံကြီးချဲ့ခြင်း ဟုတ်၊မဟုတ်ဝန်ခံပြောကြားခြင်းဖြင့် ပျောက်ကွယ်သွားအောင် ဆောင်ရွက်နိုင်ကြောင်းဖြင့် ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ်ရော့ဖ်လားက ပြောကြားသည်။

အီရတ်ဆိုင်ရာ ထောက်လှမ်းရေးအချက်အလက်များက ပြဿနာမဟုတ်ကြောင်း၊ ဖြေရှင်းရသည့်ကိစ္စက ထိုသတင်းအချက်အလက်များကို ပုံကြီးချဲ့ခြင်း ဟုတ်၊မဟုတ်သာလျှင်ဖြစ်ကြောင်း ဖောက်နယူးစ်ဆန်းဒေးအစီအစဉ်၌ ရော့ဖ်လားကပြောကြားလိုက်သည်။

အဆိုပါ အစီအစဉ်မှပင် အမေရိကန် အောက်လွှတ်တော်ဥက္ကဋ္ဌဒင်းနစ်ဟက်စတတ်က သမ္မတဘုရှ်၏ အစိုးရကို ကာကွယ်ပြောကြားလိုက်သည်။

ထောက်လှမ်းရေးသတင်းအချက်အလက်များမှာ တိကျသော သိပ္ပံပညာရပ်တစ်ခု မဟုတ်ကြောင်း ဒင်းနစ်ဟက်စတတ်ကပြောဆိုသည်။

သမ္မတဘုရှ်၏ နိုင်ငံတော် အခြေပြ မိန့်ခွန်းတွင် သုံးစွပ်စွဲပြောဆိုစဉ်တွင် အဆိုပါ သတင်းအချက်အလက်များကို ဗြိတိန်အစိုးရက ပေးကြောင်း သမ္မတဘုရှ်ကပြောဆိုသည်။

အင်တာနက်။

ဟောင်ကောင် တည်ငြိမ်ရေးနှင့် စီးပွားရေး ဦးမော့ရေး တရုတ် ဗဟိုအစိုးရက အခိုင်အမာထောက်ခံ

ဟောင်ကောင် ဇူလိုင် ၂၁

ဟောင်ကောင်ဒေသမှ တနင်္ဂနွေနေ့ထုတ် သတင်းစာကြီးများတွင် ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး တုန်ချီဟွာ၏ တရုတ်ပြည်မခရီးစဉ်နှင့် တုန်ချီဟွာဦးဆောင်သည့် ဟောင်ကောင်အုပ်ချုပ်ရေးဒေသအား တရုတ်ပြည်ဗဟိုအစိုးရ၏ အားပေးထောက်ခံမှုတို့ကို အလေးပေးဖော်ပြကြသည်။

ဟောင်ကောင်တည်ငြိမ်ရေးကို ဗဟိုအစိုးရက အခိုင်အမာထောက်ခံဟု ခေါင်းစဉ်တပ်ထားသည့် ဝမ်ဝေပိုသတင်းစာ၏ ခေါင်းကြီးပိုင်းတွင် တရုတ်သမ္မတ ဟူကျင်တောင်၊ ဝန်ကြီးချုပ် ဝမ်ကျားပေါင်နှင့် အခြားတရုတ်ခေါင်းဆောင်များသည် တုန်ချီဟွာနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ဖော်ပြထားသည်။

တည်ငြိမ်မှုကိုအားပေး

တရုတ် ဗဟိုအစိုးရ ခေါင်းဆောင်များ၏ တွေ့ဆုံ ဆွေးနွေးမှုများနှင့် အရေးပါသည့် မိန့်ခွန်းများသည် နိုင်ငံတစ်နိုင်ငံ စနစ်နှစ်ရပ် မူဝါဒအား ဟောင်ကောင်ဒေသ၏ အကောင်အထည်ဖော်မှုကို ထောက်ခံပြီး တုန်ချီဟွာ၏ အုပ်ချုပ်မှုနှင့် ဟောင်ကောင်ဒေသ၏ တည်ငြိမ်မှုတို့ကို အားပေးကြောင်း သတင်းစာက ဖော်ပြသည်။

ဘာကွန်ပေါင် သတင်းစာကလည်း တည်ငြိမ်ရေးကို ထိန်းသိမ်းရန်နှင့် စီးပွားရေး ဦးမော့လာမှုနှင့် ဝမ်တိုက်ဟွန်းဟူ၍ အမည်ပေးထားသည့် ခေါင်းကြီးပိုင်းတွင် တည်ငြိမ်ရေး ထိန်းသိမ်းမှုနှင့် စီးပွားရေး ပြန်လည် ဦးမော့လာမှုတို့သည်ယခုလောလောဆယ်တွင်ဟောင်ကောင်တွင် အရေးပါသည့် လမ်းညွှန်မှုဖြစ်သင့်ကြောင်း ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

လက်ခံ တွေ့ဆုံ

တရုတ်သမ္မတ ဟူကျင်တောင် (ယာ)**က ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး တုန်ချီဟွာအား ဘေဂျင်းမြို့တွင် ဇူလိုင် ၁၉ ရက်၌ လက်ခံတွေ့ဆုံစဉ်။**

(ဓာတ်ပုံ-ဆင်ဟွာ)

ဗြိတိန် ပေါင်စတာလင်ငွေကြေး တန်ဖိုးကျဆင်း

စင်ကာပူ ဇူလိုင် ၂၀

ဗြိတိန်သိပ္ပံပညာရှင် ကိုယ့်ကိုယ်ကိုယ် သတ်သေမှုမှ နိုင်ငံရေးဝိရောဓိကြောင့် မရေမရာဖြစ်ကာ ဗြိတိန်နိုင်ငံသုံး ပေါင်စတာလင်ငွေကြေး၏ ဒေါ်လာနှင့်လဲလှယ်နှုန်းမှာ သုံးလအတွင်း အနိမ့်ဆုံးကျဆင်းသွားသည်။ ထို့အပြင် ယူရိုငွေနှင့်လဲလှယ်နှုန်းမှာလည်းရက်သတ္တခြောက်ပတ်အတွင်းတွင် တနင်္လာနေ့က အနိမ့်ဆုံးသို့ ထိုးကျသွားသည်။ ပေါင်စတာလင်နှင့် ဒေါ်လာငွေလဲလှယ်နှုန်းမှာ တစ်ဒေါ်လာလျှင် ၁ ဒသမ ၅၈၀၀ ပေါင်အထိ တအိအိနှင့်မကျမီ အာရှဈေးကွက်တွင် ၁ ဒသမ ၅၇၇၆ ပေါင် ဝန်းကျင်တွင်ရှိသည်။ ယူရိုငွေနှင့် လဲလှယ်နှုန်းမှာ ဇွန် ၉ ရက်နောက်ပိုင်းတွင် တစ်ယူရိုလျှင် ၇၁ ဒသမ ၃၉ ပဲနိသို့ ပေါင်စတာလင် ဈေးအနိမ့်ဆုံးသို့ ကျဆင်းသွားရသည်။

အင်တာနက်။

အမေရိကန်တပ်သားများအား အများဆုံးတိုက်ခိုက်နေသည့် နေရာတစ်ဝိုက် ဆက်ဒမ်ဟူစိန် ပုန်းအောင်းနေဖွယ်ရှိဟု ပေါလ်ဘရီမာ ယုံကြည်နေ

ဝါရှင်တန် ဇူလိုင် ၂၁

ဆက်ဒမ်ဟူစိန်သည် အီရတ်နိုင်ငံတွင် ယနေ့ထက်တိုင်နေထိုင်လျက်ရှိပြီး ကြေးစားလူသတ်သမား အုပ်စုငယ်တစ်ခုက ကြိုးကိုင်၍ အမေရိကန်တပ်သားများအား အများဆုံးတိုက်ခိုက်သည့် နေရာဒေသတွင် ပုန်းအောင်းနေဖွယ်ရာရှိသည်ဟု ယုံကြည်ကြောင်း အမေရိကန်အရပ်သား အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာက တနင်္ဂနွေနေ့၌ ပြောကြားလိုက်သည်။

စီစဉ်

အမေရိကန် လက်နက်ကိုင်တပ်သားများ ဆောင်ရွက်နေသည့် လုပ်ငန်းများတွင် အခြေခံအားဖြင့် ကူညီပံ့ပိုးသည့်အနေဖြင့် အမေရိကန် တပ်သားများသည် အမေရိကန်စစ်ဌာနချုပ်အောက်ဝယ် အီရတ်နိုင်ငံသားများဖြင့် ဖွဲ့စည်းထားသည့် အီရတ်အရပ်ဘက်ကာကွယ်ရေးတပ်ဖွဲ့ တစ်ဖွဲ့ထူထောင်ရန် စီစဉ်လျက်ရှိကြောင်း ပေါလ်ဘရီမာက ရုပ်မြင်သံကြားအစီအစဉ်နှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။

အဓိကအညွှာ

အီရတ်နိုင်ငံသားများထံမှ အကူအညီများရရှိပါက မိမိတို့အနေဖြင့် တိုက်ခိုက်နေသူများနှင့် ပတ်သက်၍ သတင်းအချက်အလက်များ ပိုမိုကောင်းမွန်စွာရရှိနိုင်ပြီး သတင်းအချက်အလက်သည် အကြောင်းရင်းကိစ္စအတွက် အဓိကအညွှာဖြစ်ကြောင်း၊ ၎င်းလူမျိုးသည် မည်သူဖြစ်သည်ဟု မိမိတို့သိလာပြီး ၎င်းတို့ကို ရှာဖွေမည်၊ ဖမ်းဆီးမည်၊ သို့တည်းမဟုတ် သုတ်သင်မည်ကို သတင်းအချက်အလက်ပေါ် အခြေခံ၍ ဆုံးဖြတ်နိုင်မည်ဖြစ်ကြောင်း ဘရီမာက ဖောက်စ် တနင်္ဂနွေသတင်းရုပ်မြင် အစီအစဉ်သို့ ပြောကြားသည်။

သေဆုံး

အမေရိကန်သမ္မတ ဂျော့ဂျ်ဘုရှ်က မေလ ၁ ရက်တွင် အီရတ်နိုင်ငံ၌ အဓိကတိုက်ပွဲကြီးများပြီးဆုံးကြောင်း ပြောကြားပြီးသည့်နောက် အမေရိကန် တပ်သား ၃၇ဦး သေဆုံးခဲ့သည်။ အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ပြီးနောက် အမေရိကန်စစ်သား ၁၅၁ ဦးသည် အီရတ်တို့၏ ရန်လိုတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသည်။

တြိဂံဒေသ

ဆက်ဒမ်သည် အီရတ်နိုင်ငံတွင် နေထိုင်ဖွယ်ရှိသည်ဟု မိမိထင်မြင်ကြောင်း၊ သို့ရာတွင် ၎င်း၏နေရာကို မိမိတို့ အတိအကျမသိရှိကြောင်း ဆွန်နီမွတ်စလင်များနေထိုင်ရာ တြိဂံဒေသတွင် နေထိုင်ဖွယ်ရှိကြောင်း ဘရီမာက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အကြံပေးသိပ္ပံပညာရှင် ဒေးဗစ်ကယ်လီ သေဆုံးမှု ဗြိတိန်ဝန်ကြီးချုပ် ရာထူးမှထွက်ပေးရန် မရည်ရွယ်

လန်ဒန် ဇူလိုင် ၂၀

အီရတ်စစ်ပွဲ တရားမျှတပါသည်ဟု ပြောဆိုရန် အီရတ်လက်နက် အစီအစဉ်ကို အစိုးရက ပုံကြီးချဲ့ခဲ့သည်ဆိုသော စွပ်စွဲချက်တွင် အဓိကသတင်းပေါက်ကြားသူအဖြစ် ဘီဘီစီက တနင်္ဂနွေနေ့တွင် ပြောကြားခံရသူ အကြံပေးသိပ္ပံပညာရှင် ဒေးဗစ်ကယ်လီ ကိုယ့်ကိုယ်ကိုယ်သတ်သေအောင် အစိုးရက တွန်းပို့ပေးကြောင်း၊ စုံစမ်းတွေ့ရှိလျှင် သူအပြည့်အဝတာဝန်ယူကြောင်းဖြင့် ဗြိတိန် ဝန်ကြီးချုပ် တိုနီဘလဲက ပြောကြားလိုက်သည်။

ထက်ကြပ်မကွာ

ဒေါက်တာကယ်လီသေဆုံးမှုကိစ္စက ဝန်ကြီးချုပ်တိုနီဘလဲ၏ အရှေ့အာရှခရီးစဉ်တွင် ထက်ကြပ်မကွာလိုက်လာသည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဗြိတိန်နိုင်ငံမှ ဝေဖန်သူအချို့က ရာထူးမှနုတ်ထွက်ပေးရန် တောင်းဆိုလျှင် ထိုအငြင်းပွားမှုကြောင့် သူရာထူးမှ နုတ်ထွက်ရန်မရည်ရွယ်ကြောင်း ဝန်ကြီးချုပ် တိုနီဘလဲက ပြောဆိုသည်။

ဘီဘီစီ၏ ထုတ်ဖော်ကြေညာချက်ကို ဝန်ကြီးချုပ်တိုနီဘလဲက ကြိုဆိုလိုက်သည်။ ပြည်သူတို့၏ ဝေဖန်ပြောဆိုမှုမှာလည်း အစိုးရအပေါ် ဝေဖန်မှုမှ ယာယီအားဖြင့် ဘီဘီစီသို့ ပြောင်းသွားသည်။ စုံစမ်းစစ်ဆေးရာတွင် သူအစစ်ခံမည်ဖြစ်ကြောင်းဖြင့် ဆိုးလ်မြို့၌ တောင်ကိုရီယားသမ္မတ နိုဟွန်မူးနှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် ဝန်ကြီးချုပ်တိုနီဘလဲက ပြောကြားလိုက်သည်။

စိတ်လှုပ်ရှား

ဒေါက်တာကယ်လီ ကိုယ့်ကိုယ်ကိုယ်သတ်သေမှုက ဝန်ကြီးချုပ် တိုနီဘလဲကို သိသိသာသာ စိတ်လှုပ်ရှားသွားစေသည်။ ဂျပန်နိုင်ငံ၌ စနေနေ့က သတင်းထောက်များနှင့် တွေ့ဆုံစဉ် ဝန်ကြီးချုပ် တိုနီဘလဲမှာ စိတ်အိုက်ပြီး တခြားသို့ အာရုံရောက်နေသည့် လက္ခဏာရှိသည်။ အမြဲပြုံးရွှင်နေသည့် သူ၏ ထူးခြားသော ပင်ကိုလက္ခဏာအစား 'ဝန်ကြီးချုပ် ခင်ဗျားလက်တွေ သွေးစွန်းနေသလား' ဟူ၍ သတင်းထောက်တစ်ဦးက မေးလိုက်သည့်အခါ မျက်နှာမှာ ညိုးနွမ်းကာ ငေးစိုက်နေသည်ကို တွေ့ရသည်ဆို၏။ ***အင်တာနက်။***

"ကိုနီ" အမည်ရှိ မုန်တိုင်းသည် တောင်တရုတ်ပင်လယ်မှနေ၍ တရုတ်ပြည် ဟိုင်နန်ပြည်နယ်သို့ ဦးတည်ချဉ်းကပ်နေရာ ပြည်နယ်မြို့တော် ဟိုင်ကောဆိပ်ကမ်းတွင် ထရပ်ကားများ မြစ်ကို ဖြတ်ကျော်ရန် ဇူလိုင် ၂၁ ရက်က စောင့်ဆိုင်းနေစဉ်။ (ဓာတ်ပုံ-ဆင်ဟွာ)

အမေရိကန်တို့ အီရတ်တွင် လူ့အခွင့်အရေးချိုးဖောက် အမ်မနက်စတီအင်တာနေရှင်နယ်အဖွဲ့က စွပ်စွဲ

ဘဂ္ဂဒက် ဇူလိုင် ၂၁

အီရတ်ရှိ အမေရိကန်စစ်တပ်များသည် အီရတ်ပြည်သူများအပေါ် ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်လျက်ရှိသည်။ ဖမ်းဆီးထိန်းသိမ်းထားသော အကျဉ်းသားများကို စိုးရိမ်ထိတ်လန့်ဖွယ်ရာ အခြေအနေတွင်ထားပြီး တစ်စုံတစ်ရာ ရုံးတင်တရားစွဲဆိုခြင်းလည်း မရှိဟု အမ်မနက်စတီအင်တာနေရှင်နယ် လူ့အခွင့်အရေးအဖွဲ့က စွပ်စွဲလိုက်သည်။ လူ့အခွင့်အရေးအဖွဲ့ကို အကျဉ်းသားများနှင့် တွေ့ဆုံခွင့်မပေးဘဲထားသည်။

အမ်မနက်စတီလူ့အခွင့်အရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူမှာ ဂျူးဒစ်အာရီးနပ်စ်လီစီရာဆိုသူ အမျိုးသမီးဖြစ်သည်။ အမေရိကန် ထိန်းသိမ်းရေးစခန်းများတွင် အီရတ်အကျဉ်းသားများကို ပြင်းထန်လှသော နေပူထဲတွင် ၄၈ နာရီအထိ အတင်းအဓမ္မ ရပ်ခိုင်းထားခြင်းမျိုးပြုလုပ်သည်၊ ကျန်းမာရေးနှင့်မညီညွတ်သော အခြေအနေတွင်ထားသည်၊ ဆွေမျိုးများနှင့်လည်း တွေ့ဆုံခွင့်မပေးဘဲ ချုပ်နှောင်ထားသည်ဟု ပြောရေးဆိုခွင့်ရှိသူအမျိုးသမီးက ပြောကြားခဲ့သည်။

အမေရိကန် ထိန်းသိမ်းရေးစခန်းတစ်ခုတွင် စခန်းတွင်း အဓိကရုဏ်းဖြစ်ပွားစဉ် အကျဉ်းသားတစ်ဦးကို အမေရိကန်တို့က ပစ်ခတ်ခဲ့ကြောင်း လီစီရာက ဆိုသည်။

အမေရိကန်တို့သည် အီရတ်နိုင်ငံ၏ ဆိုးရွားနေသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကယ်တင်ရန်ဟု အကြောင်းပြ၍ အီရတ်နိုင်ငံကို စစ်တိုက်ခဲ့သည်။ သို့ရာတွင် ယခုအခါ ၎င်းအမေရိကန်များကိုယ်တိုင်က လူ့အခွင့်အရေး ချိုးဖောက်နေသည်မှာ စိတ်ပျက်စရာကောင်းလှပါသည်ဟု ပြောရေးဆိုခွင့်ရှိသူ လီစီရာက စိတ်ပျက်စရာစကားဆိုသည်။

အမေရိကန်စစ်ဘက်က သူမ၏စွပ်စွဲချက်များနှင့်ပတ်သက်၍ တစ်စုံတစ်ရာ တုံ့ပြန်ပြောကြားခြင်း မရှိသေးပေ။

လန်ဒန်မြို့ အခြေစိုက်လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့သည် အီရတ်နိုင်ငံတွင် ရောက်ရှိနေသည်။ ၎င်းအဖွဲ့သည် အမေရိကန်များထိန်းသိမ်းထားရာမှ ပြန်ထွက်လာသူများနှင့်တွေ့ဆုံမေးမြန်း၍ သတင်းရယူခြင်း၊ ဆက်လက်ထိန်းသိမ်းခံထားရသူများနှင့် တွေ့ဆုံခွင့်ရရန် ကြိုးစားခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြသည်။ သို့သော် လူ့အခွင့်အရေးအဖွဲ့များကို ထောင်နှင့်ချီရှိနေသော အီရတ်အကျဉ်းသားများနှင့် တွေ့ဆုံခွင့်မပေးဘဲ ငြင်းပယ်ခြင်း ခံခဲ့ရသည်ဟုဆိုသည်။

ထိုလူ့အခွင့်အရေးအဖွဲ့သည် ဆက်ဒမ်လက်ထက်က ထိန်းသိမ်းခံထားရသူများနှင့်တွေ့ဆုံပြီး ထိုစဉ်က အခြေအနေများကို စုံစမ်းခဲ့သည်။ ဆက်ဒမ်လက်ထက်က ထိန်းသိမ်းခံထားရသူအများစုမှာ ယခုအခါ လွတ်မြောက်လာကြပြီဖြစ်သည်။ အမေရိကန်များ ထိန်းသိမ်းထားသူအချို့မှာ ပြန်လွတ်လာပြီဖြစ်သော်လည်း အများအပြားမှာ အကျဉ်းသားအဖြစ် အဖမ်းခံနေကြရဆဲဖြစ်သည်။ အကျဉ်းသားများမှာ ရှေ့နေများ၊ ဆွေမျိုးသားချင်းများနှင့်ပင် တွေ့ဆုံခွင့်မရကြဟု ဆိုသည်။ ***အင်တာနက်။***

အမေရိကန်၌ မြေအောက်ရထား မီးလောင်

နယူးယောက် ဇွန် ၂၁

အမေရိကန် နိုင်ငံ နယူးယောက် မြို့၏ မြို့နယ် ငါးခုအနက် တစ်ခုဖြစ်သည့် ဘရုတ်ကလင်းတွင် မြေအောက်ရထား၌ စနေနေ့ စောစောပိုင်းက မီးလောင်မှုဖြစ်ပွားပြီးနောက် မီးခိုး မွန်းကျပ်မှုဖြင့် အနည်းဆုံး ခရီးသည် ၆၅ ဦးတို့အား ဆေးရုံတင် ကုသထားရသည်။ ယင်း ခရီးသည်များအနက် တစ်ဦးတစ်ယောက်မျှ အသက်အန္တရာယ် မစိုးရိမ် ရကြောင်းနှင့် အခြား ခရီးသည် ၃၀ ကျော်က ကုသမှုခံယူရန် ငြင်းဆန်ကြကြောင်း မီးသတ်ဌာန တာဝန်ရှိ ပုဂ္ဂိုလ်များက ပြောကြား သည်။

ရထား အောက်မှ မီးလောင်မှု ဖြစ်ပွားကာ လျှပ်စစ်မီးများ ပြတ်တောက်ပြီး ဥမင်လိုဏ် ခေါင်းတစ်ခုလုံးမီးခိုးများ ပြည့်နှက် ခဲ့ပြီးနောက်တွင် ကိုနေးလ်ကျွန်းဆီသို့ ဦးတည်ခုတ်မောင်းနေသည့် ရထားပေါ်မှ လူ ၁၀၀ ခန့်က နယူး စထရီဘူတာမှ နေ၍ ဘေးလွတ်ရာသို့ ပြောင်းရွှေ့လာခဲ့ရသည်။

မီးသတ် သမားများသည် မီးကို တစ်နာရီခွဲကြာ ငြိမ်းသတ်ခဲ့ရပြီး အခြေအနေကိုထိန်းသိမ်းနိုင်ခဲ့ကာ မီးလောင်ရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေသည်။

အမ်အင်အေ၊ဆင်ဟွာ။

ခဲဖြင့်ပစ်ပေါက်

နာဂျက်ဖ်မြို့၌ ရှီးယားမွတ်စလင်များနှင့် အမေရိကန်တပ်သားများ ဇူလိုင် ၂၀ ရက်က ထိပ်တိုက်တွေ့ရာတွင် ရှီးယားမွတ်စလင် လူငယ်တစ်ဦးက အမေရိကန်တပ်သားများအား ခဲဖြင့်ပစ်ပေါက်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယားဆရာဝန် ဒဗလျူအိပ်ချ်အိုအကြီးအကဲ တာဝန်ထမ်းဆောင်

ဂျီနီဗာ ဇူလိုင် ၂၁

ကုလသမဂ္ဂအေဂျင်စီတစ်ခုဖြစ်သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)သည် ဆင်းရဲသားများအတွက် ပိုမိုစွမ်းဆောင်သွားမည် ဖြစ်ကြောင်း ဒဗလျူအိပ်ချ်အို အကြီးအကဲအဖြစ် တနင်္လာနေ့က တာဝန်ယူ ဆောင်ရွက်သည့် လူသိနည်းသော ကိုရီးယားလူမျိုး ဒေါက်တာလီဂျန်ဝုဒ်က ပြောကြားလိုက်သည်။

ယခင်က ဒဗလျူအိပ်ချ်အို၏ အဆုတ်ရောဂါ(တီဘီ) အစီအစဉ်၏ အကြီးအကဲဖြစ်သူ လီသည် ဂရိုဟာရီယမ် ဘရန့်လင်း၏နေရာတွင် ဆက်ခံခြင်းဖြစ်သည်။

မိမိသည် နောက်ထပ်ငါးနှစ် သက်တမ်းအတွက် ဆက်လက်ထမ်းဆောင်တော့မည်မဟုတ်ကြောင်း နော်ဝေ ဝန်ကြီးချုပ်ဟောင်းလည်းဖြစ်သူ ဘရန့်လင်းက ပြောကြားခဲ့ပြီးနောက် လီကို ၎င်းနေရာတွင် ဆက်ခံရန် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



နျူလက်နက် ရှာပုံတော်ကိစ္စ ဘုရှ်အစိုးရ၏ ပြောဆိုချက် အမှုမဲ့ အမှတ်မဲ့ အမှားမဟုတ်ဟု ဒီမိုကရက် လွှတ်တော်အမတ် ပြောဆို

ဝါရှင်တန် ဇူလိုင် ၂၁

အမေရိကန်သမ္မတဘုရှ် မိန့်ခွန်းတွင် ပါရှိသည့် အီရတ်နိုင်ငံ နျူကလီးယားလက်နက် ရှာပုံတော်နှင့် ပတ်သက်၍ အမေရိကန် ဘုရှ်အစိုးရ၏ အငြင်းပွားနေရသော ပြောဆိုချက်သည် အမှုမဲ့ အမှတ်မဲ့ အမှားတစ်ခု မဟုတ်ကြောင်း ကာကွယ်ရေးနှင့် ထောက်လှမ်းရေးကော်မတီမှ အထက်တန်း ဒီမိုကရက်တစ်ပါတီ အထက်လွှတ်တော်အမတ် ကားလ်လီဗင်က စနေနေ့တွင် ပြောကြားလိုက်သည်။

အီရတ်နိုင်ငံက ယူရေနီယံသတ္တုကို အာဖရိကတိုက် နိုင်ဂျာနိုင်ငံမှ ရယူရန် ကြိုးပမ်းနေကြောင်း ဘုရှ်၏ ပြောကြားချက်ကြောင့် အီရတ်နိုင်ငံသည် ခြိမ်းခြောက်မှု အန္တရာယ်တစ်ရပ်အဖြစ် ကျရောက်နေသည်ဟူသော ဖော်ပြချက် အမှားများ ပေါ်ပေါက်စေသည့် အလွန်တရာ စိတ်ပျက်ဖွယ်ကောင်းသော ဆုံးဖြတ်ချက်ကို တာဝန်ရှိပုဂ္ဂိုလ်များ ချမှတ်ရေး၊ မချမှတ်ရေးနှင့်ပတ်သက်၍ မေးခွန်းများ ပေါ်ပေါက်လျက်ရှိကြောင်း မစ်ချီဂန်ပြည်နယ်မှ ဒီမိုကရက်တစ်ပါတီ လွှတ်တော်အမတ် ကားလ်လီဗင်က အပတ်စဉ် ရေဒီယို မိန့်ခွန်းတွင် ပြောကြားသွားသည်။

ကိုးကား

အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်က ဗြိတိသျှထောက်လှမ်းရေး သတင်း အချက်အလက်များကို ကိုးကား၍ အမေရိကန်ပြည်ထောင်စုသို့ ဇန်နဝါရီလအတွင်းက မိန့်ခွန်း ပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဖန်တီးလုပ်ကြံထား

အီရတ်နိုင်ငံ၏ နျူကလီးယားရည်မှန်းချက်များနှင့် ပတ်သက်သည့် ထောက်လှမ်းရေး အစီရင်ခံစာသည် မှတ်တမ်းမှတ်ရာ အတုများအပေါ် တည်မှီ၍ ဖန်တီးလုပ်ကြံထားခြင်းဖြစ်ကြောင်း ဘူးပေါ်သလို ပေါ်သွားပြီ ဖြစ်သည်။

ကြိုးပမ်းခဲ့

ဗဟိုထောက်လှမ်းရေးအဖွဲ့ (စီအိုင်အေ)က အောက်တိုဘာလက သမ္မတဘုရှ် ပြောကြားခဲ့သည့် မိန့်ခွန်းမှ အလားတူ ရည်ညွှန်းမှုမျိုးကို အပူတပြင်း ဖယ်ရှားရန် ကြိုးပမ်းခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းပြောကြားချက်သည် အထောက်အထား မခိုင်လုံသောကြောင့် ဖြစ်သည်။

ဇန်နဝါရီလက ပြောကြားသည့် သမ္မတဘုရှ်၏ မိန့်ခွန်းမှ ပြောကြားချက်တွင် အမေရိကန်အစိုးရက ယုံကြည်သလို ပြည်သူလူထုကလည်း လိုက်ယုံကြည်ရမည်ဟု လီဗင်က ဆက်လက်ပြောကြားသည်။

ပေါ်ပေါက်စေခဲ့

သမ္မတဘုရှ်၏ အဓိက မိန့်ခွန်းမှ ပြောကြားချက်များသည် အမှတ်မထင်သော မှားယွင်းမှု မဟုတ်ကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်၍ စီအိုင်အေနှင့် အမျိုးသားလုံခြုံရေး တာဝန်ရှိပုဂ္ဂိုလ်များ ညှိနှိုင်းတိုင်ပင်မှုများ ပြုလုပ်ခဲ့ကြပြီး ယင်းကိစ္စသည် ဦးဆောင်မှု လမ်းလွဲစေသည့်ကိစ္စကို ပေါ်ပေါက်စေခဲ့ကြောင်း လီဗင်က ဆက်လက်ပြောကြားသည်။

ဘုရှ်၏ မိန့်ခွန်းအား မပြောကြားမီ စီအိုင်အေသို့ ပေးပို့ပြီး ပြန်လှန်သုံးသပ်စေခဲ့ကြောင်း၊ ယူရေနီယံသတ္တုကိစ္စနှင့် ပတ်သက်၍ စီအိုင်အေက ဘဝင်မကျပါက ယင်းအချက်အလက်ကို ပယ်ဖျက်သင့်ကြောင်း၊ အကြောင်းကြားသင့်ကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဆန့်ကျင်ကန့်ကွက်

ဘဂ္ဂဒက်မြို့ တောင်ဘက် မိုင် ၆၀ အကွာရှိ နာဂျက်ဖ်မြို့တွင် ရှီးယားမွတ်စလင်များက အီရတ်၌ အမေရိကန်တပ်ဖွဲ့များ ရှိနေခြင်းကို ဆန့်ကျင်ကန့်ကွက်ဆန္ဒပြနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်လက်နက်ကိစ္စ အငြင်းပွားနေသည့် ပြောဆိုချက် အမေရိကန် စီအိုင်အေက အတည်ပြုခဲ့ခြင်းမရှိဟု ဖော်ပြ

ဝါရှင်တန် ဇူလိုင် ၂၁

အမေရိကန်အိမ်ဖြူတော်က အီရတ်နိုင်ငံအား စွပ်စွဲမှု ပြုလုပ်ခဲ့ရာတွင် ဆက်ဒမ်ဟူစိန်အနေဖြင့် ၄၅ မိနစ်အတွင်း ဇီဝလက်နက်၊ သို့တည်းမဟုတ် ဓာတုလက်နက်များဖြင့် တိုက်ခိုက်နိုင်ကြောင်း၊ အမေရိကန်၏ ယခုအခါ အငြင်းပွားနေသည့် ပြောဆိုချက်ကို ဗဟိုထောက်လှမ်းရေးအေဂျင်စီ (စီအိုင်အေ)က အတည်ပြုခဲ့ခြင်းမရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

— သဘောတူညီချက် မရရှိ —

အိမ်ဖြူတော်က စီအိုင်အေထံမှ ယင်းပြဿနာနှင့် စပ်လျဉ်း၍ သဘောတူညီချက် မရရှိခဲ့ကြောင်း သမ္မတဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ် အစိုးရ၏ တာဝန်ရှိပုဂ္ဂိုလ်များအား ကိုးကား၍ ဝါရှင်တန်ပို့စ် သတင်းစာက တနင်္ဂနွေနေ့တွင် ရေးသားဖော်ပြလိုက်သည်။

— လွှဲချပြောကြား —

သမ္မတဘုရှ်သည် အမေရိကန် ဥပဒေပြုသူများနှင့် တွေ့ဆုံပြီး နှင်းဆီဥယျာဉ်သို့ လာရောက်ခဲ့ရာတွင် စွပ်စွဲချက်နှစ်ရပ်ကို ပြောကြားသွားသည်။ အဆိုပါ စွပ်စွဲချက်နှင့် ပတ်သက်၍ ဗြိတိသျှအစိုးရအား လွှဲချပြောကြားသည်။

သို့ရာတွင် စက်တင်ဘာ ၂၆ ရက်က ကမ္ဘာတစ်ဝန်းသို့ သဝဏ်လွှာထုတ်ပြန်ရာတွင် အိမ်ဖြူတော်က အီရတ်စစ်ပွဲဖြစ်လျှင် အီရတ်နိုင်ငံက ဇီဝနှင့် ဓာတုလက်နက်များကို ၄၅ မိနစ်အတွင်း အသုံးပြုမည်ဟု မည်သည့်ယိုးစွပ်မှုမျှ မရှိဘဲ ပြောကြားခဲ့ကြောင်း ဖော်ပြပါ သတင်းစာက ရေးသားသည်။

ယခုအခါတွင် ဗြိတိန်နိုင်ငံ၌ အဓိကအရှုပ်တော်ပုံအဖြစ် ရောက်ရှိနေသော အသရေပျက်စရာရှိနေသည့် အဆိုပါ စွပ်စွဲပြောကြားမှုကြောင့် ဗြိတိသျှ လက်နက်သိပ္ပံပညာရှင် ဒေးဗစ်ကယ်လီ၏ အသက်ကိုပင် ဆုံးပါးစေခဲ့ပြီဖြစ်သည်။

— ငြီးငွေ့နေ —

ဆက်ဒမ်ဟူစိန်သည် အာဖရိကဒေသမှ ယူရေနီယံ သတ္တုပမာဏ အမြောက်အမြားကို ရယူရန် မကြာမီက ကြိုးပမ်းခဲ့သည်ဟု စွပ်စွဲမှု၏ လက်ခံယုံကြည်နိုင်ဖွယ်ရှိ၊ မရှိနှင့် စပ်လျဉ်းသည့် အခြားသော အငြင်းပွားမှုတစ်ရပ်နှင့် ငြီးငွေ့နေပြီဖြစ်သည်။ ယင်းယူရေနီယံကိစ္စသည် သမ္မတဘုရှ်က ဇန်နဝါရီလအတွင်း တိုင်းပြည်သို့ မိန့်ခွန်းပြောကြားရာတွင် ပါရှိခဲ့သည်။

— ပထမအကြိမ် ဝန်ခံ —

သမ္မတဘုရှ်က ၎င်းပြောကြားသည့် မိန့်ခွန်းတွင် ညွှန်းဆိုပြောကြားခြင်း မရှိနိုင်ကြောင်း ဘုရှ်အစိုးရက ပထမအကြိမ်အဖြစ် ဝန်ခံပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

အီရတ်ကို အီရတ်လူမျိုးစုက စိုးမိုးအုပ်ချုပ်သင့် ဒီမိုကရေစီကျင့်စဉ်ကို ပြင်ပမှသွတ်သွင်း၍မရနိုင်

ကုလသမဂ္ဂ ဇူလိုင် ၂၂

အီရတ်နိုင်ငံအား အီရတ်ပြည်သူလူထုက စိုးမိုးအုပ်ချုပ်မှု အမြန်ဆုံး ပြန်လည်ဖြစ်ပေါ်ရေးအတွက် အမေရိကန်ပြည်ထောင်စုက ဆောင်ရွက်ရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က တနင်္လာနေ့တွင် တိုက်တွန်းလိုက်သည်။ အီရတ်နိုင်ငံတွင် ဒီမိုကရေစီကျင့်စဉ် ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ပြင်ပကမ္ဘာမှ အတင်းအဓမ္မသွတ်သွင်း၍ ရလိမ့်မည်မဟုတ်ကြောင်း ၎င်းက သတိပေးလိုက်သည်။

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့က ထိန်းသိမ်းထားသော အီရတ်လူမျိုးများအပေါ် ပြုမူဆက်ဆံပုံများနှင့်ပတ်သက်၍ မိမိစိုးရိမ်မကင်းဖြစ်မိကြောင်း၊ မြို့တော် ဘဂ္ဂဒက်တွင် လုံခြုံရေးအခြေအနေ တိုးတက်အောင် လုပ်ဆောင်နိုင်ခြင်း မရှိမှုမှာ ရင်လေးဖွယ်ရာကောင်းကြောင်း ကိုဖီအာနန်က လုံခြုံရေးကောင်စီထံသို့ တင်သွင်းသော စာမျက်နှာ ၂၃ မျက်နှာပါ အစီရင်ခံစာ၌ ဖော်ပြထားသည်။

အီရတ်နိုင်ငံတွင် အမေရိကန် အုပ်ချုပ်ရေးအဖွဲ့က ထောက်ခံသော အုပ်ချုပ်ရေးကောင်စီတစ်ရပ် ထူထောင်ခြင်းကို မိမိ ကြိုဆိုကြောင်း အဆိုပါ အစီရင်ခံစာ၌ ဖော်ပြထားသည်။ အီရတ်ပြည်သူလူထုသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ပြန်လည်ပိုင်စိုးမှု ရှိလာရေးအတွက် အမေရိကန်တပ်ဖွဲ့က တိကျသော အချိန်ဇယား သတ်မှတ်ချက်ဖြင့် လုပ်ဆောင်သွားရန်မှာ အရေးကြီးကြောင်း ကိုဖီအာနန်က ရေးသားလိုက်သည်။ **အင်တာနက်။**

အင်္ဂလန်တွင် ဇူလိုင် ၂၁ ရက်က ကျင်းပသည့် ဗြိတိသျှအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးအကျော့ပွဲစဉ်တွင် ဒိန်းမတ်နိုင်ငံမှ သောမတ်ဘီဂျွန်းက သဲကျင်းထဲမှ ဂေါက်သီးကို ဆယ်မရိုက်ထုတ်စဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကင်ညာတွင် လေယာဉ်ငယ်တစ်စင်း တောင်ထွတ်ပေါ် ပျက်ကျ — ကမ္ဘာလှည့်ခရီးသည် ၁၂ ဦး အပါအဝင် လူ ၁၄ ဦး သေဆုံးခဲ့ရ

မောင့်ကင်ညာ ဇူလိုင် ၂၁

လေယာဉ်ငယ်တစ်စင်းသည် အာဖရိကတိုက်မှ ဒုတိယအမြင့်ဆုံး တောင်တန်းဖြစ်ပြီး ဆီးနှင်းများ ဖုံးလွှမ်းနေသော မောင့်ကင်ညာတောင်ပေါ်သို့ ပျက်ကျခဲ့ရာ အမေရိကန် ကမ္ဘာလှည့်ခရီးသည် ၁၂ ဦး အပါအဝင် လူ ၁၄ ဦး သေဆုံးခဲ့ရကြောင်း တာဝန်ရှိသူများက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ပျက်ကျ

ကင်ညာနိုင်ငံ မြို့တော်နိုင်ရိုဘီ၏ မြောက်ဘက် မိုင် ၇၀ အကွာရှိ ပေ ၁၇၀၀၀ မြင့်မားသည့် မောင့်ကင်ညာတောင်တန်းအပေါ် ပျံသန်းစဉ် တောင်ထွတ်တစ်ခုအပေါ်သို့ စနေနေ့က ပျက်ကျခဲ့ခြင်းဖြစ်သည်။

လေယာဉ်ပေါ် လိုက်ပါသူအားလုံး သေဆုံးခဲ့ကြောင်း၊ လေယာဉ်မှာ ပေါက်ကွဲပြီး ဒေသအနှံ့အပြားသို့ လေယာဉ်အပျက်အစီးများ ပြန့်ကျဲသွားကြောင်း ကင်ညာတောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးဆိုင်ရာ မောင့်ကင်ညာရှိ ဝါရင့်တာဝန်ရှိပုဂ္ဂိုလ် ဘွန်ဂိုဗုဒ်လောက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

လိုက်ပါသွား

လေယာဉ်ပေါ်တွင် တောင်အာဖရိက လေယာဉ်မှူးနှစ်ဦးနှင့် အမေရိကန်နိုင်ငံသား ၁၂ ဦး လိုက်ပါသွားကြောင်း ကင်ညာမြို့ပြလေကြောင်းပျံသန်းရေး အာဏာပိုင်အဖွဲ့မှ မတော်တဆမှုများဆိုင်ရာ စစ်ဆေးရေးမှူးချုပ် ပီတာဝါကာဟီယာက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဖွံ့ဖြိုးတိုးတက်နေသော ရွှေမန္တလေး (အပိုင်း -၁)

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - နီနီ (သတင်းစဉ်၊ မန္တလေး)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇူလိုင် ၇ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌မန္တလေးတိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများအားတွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ဒုတိယမြို့တော် မန္တလေးမြို့ စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားရာတွင် စာရေးသူလည်း တက်ရောက်ခွင့်ရရှိခဲ့သည်။

ဗိုလ်ချုပ်ကြီးခင်ညွန့်က "နိုင်ငံတော်အစိုးရအနေဖြင့် သမိုင်းအစဉ်အလာကြီးမားပြီး မြန်မာနိုင်ငံ၏ ဒုတိယမြို့တော်ဖြစ်သည့် မန္တလေးမြို့တော်ကို ရန်ကုန်မြို့တော်နှင့်တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဦးတည်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း မန္တလေးမြို့တော်ကို ဘက်စုံကဏ္ဍစုံတွင် ရန်ကုန်မြို့တော်နှင့် တစ်ပြေးညီ တိုးတက်ဖြစ်ထွန်းစေရေးအတွက် စီမံဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားထားပြီးဖြစ်ကြောင်း" မိန့်ကြားလိုက်သံတို့က စာရေးသူအား စာရေးဖြစ်စေခဲ့သည်။

၁၉၈၈ အရေးအခင်းကာလအပြီး နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တပ်မတော်မှ တာဝန်ယူလိုက်ပြီးသည့်အချိန်မှစ၍ စာရေးသူမှာ ဒို့အမိမြန်မာနိုင်ငံတော်ကြီး သမိုင်းတစ်ခေတ်ဆန်းသစ်တော့မှာပါလား ဆိုတဲ့အသိနဲ့ သတင်းစာဆရာပီပီ ခိုင်မာသောမှတ်တိုင်များကို မိမိတတ်စွမ်းသမျှ စိုက်ထူနိုင်ရေးအတွက် မိမိ၏ကိုယ်ပိုင်အသိ၊ ကိုယ်ပိုင်ပစ္စည်း၊ ကိုယ်ပိုင်အရင်းအနှီးများဖြင့် မည်သူတစ်ဦးတစ်ယောက်၏ ဖိအားပေးမှုမပါဘဲ အချက်အလက်အထောက်အထားများအပြင် ခိုင်မာသောသမိုင်းမှတ်တိုင်များဟု တင်စားရမည့် အဓိကကျသော မှတ်တမ်းဓာတ်ပုံများကို တစိုက်မတ်မတ် ပြုစုထိန်းသိမ်းလာခဲ့သည်။

နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တပ်မတော်မှ စတင်တာဝန်ယူလိုက်သည့် ၁၉၈၈ခု စက်တင်ဘာလ ၁၈ ရက်နေ့မှစ၍ နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်မှု၊ ဒေသခံတိုင်းမှူး၏ နေ့မအားညမနားဆောင်ရွက်မှုတို့ကြောင့် တစ်ရက်ထက်တစ်ရက် တစ်လထက်တစ်လ လက်တွေ့ မျက်တွေ့ တိုးတက်မှုများကို မန္တလေးမြို့တော်နှင့် တိုင်းအတွင်းဖွားခနဲ ဖွားခနဲ အံ့မခန်းအောင် မြင်တွေ့ကြရပေသည်။

စာရေးသူအနေဖြင့် တစိုက်မတ်မတ် မိမိပြုစုထိန်းသိမ်းလာသည့် အချက်အလက်နှင့် မှတ်တမ်းဓာတ်ပုံများကို ၁၉၉၀ ပြည့်နှစ် စက်တင်ဘာလတွင် စာမျက်နှာ ၇၂မျက်နှာပါရှိပြီး အရွယ်အားဖြင့် ၉ လက်မ x ၁၂ လက်မဆိုက် မန္တလေးတိုင်း တည်ဆောက်မှုမှတ်တမ်းစာအုပ် အတွဲ(၁)ကို စတင်ထုတ်ဝေဖြစ်ခဲ့သည်။

ဆက်လက်၍ အဆိုပါ မန္တလေးတိုင်း တည်ဆောက်မှု မှတ်တမ်းစာအုပ် အတွဲ(၁)ကို မန္တလေးမြို့တော်သို့ ရောက်ရှိလာကြသော နိုင်ငံကတာမှ နိုင်ငံခြားသားဧည့်သည်များအား လေ့လာဖတ်ရှုနိုင်ရန် အင်္ဂလိပ်ဘာသာဖြင့် ထပ်မံထုတ်ဝေခဲ့သည်။

အချိန်တိုအတွင်း လက်တွေ့မျက်တွေ့ တိုးတက်မှုများကို နိုင်ငံခြားသားများ ဖတ်ရှုလေ့လာ၍ သူတို့ကြားထားသိထားမှုများနှင့် လုံးဝကွာခြားနေပါလားဆိုသည့် အကြည့်တွေ၊ အသိတွေနဲ့ သူတို့ရဲ့ အံ့သြမှု အမူအယာတွေကို မြင်တွေ့လိုက်ရသည့်အတွက် ဒါမြန်မာကွလို့ စာရေးသူ ဝင့်ကြွားခဲ့ဖူးသည်။

ထို့နောက် မန္တလေးတိုင်း တည်ဆောက်မှုမှတ်တမ်းစာအုပ်အတွဲ(၂)ကို ဆက်လက်ထုတ်ဝေဖြစ်ခဲ့သည်။ ကနဦးအစ နှစ်နှစ်ဆိုသည့် အချိန်တိုလေးမှာပင် မန္တလေးတိုင်း၏ တိုးတက်မှုများသည် အလွန်များလွန်းလှသည့်အတွက် အတွဲ(၁)၊ အတွဲ(၂)ပင်ခွဲ၍ ထုတ်ဝေခဲ့ရသည်ဖြစ်ရာ ယခုဆိုလျှင် ၁၉၉၈ ခုနှစ်နောက်ပိုင်းပြောင်းလဲတိုးတက် ဖွံ့ဖြိုးမှုများအား ရေးသားဖော်ပြရလျှင် တစ်ထောင့်တစ်ညပြောယူရသည်ဆိုသည့် ပုံပြင်ထက် အဆပေါင်းမြောက်မြားစွာ တင်ပြရပေတော့မည်။

ယခုစာရေးသူပြောမည့် တင်ပြရေးသားမည့် အကြောင်းအရာများမှာ ပုံပြင်မဟုတ်ပါ။ ခိုင်မာသော သမိုင်းတို့သာဖြစ်သည်။

နိုင်ငံတော်အကြီးအကဲများက ခေတ်မီတိုးတက်ပြောင်းလဲမှု အခြေခံကောင်းများကို မန္တလေးမြို့တော်၌ အင်နှင့်အားနှင့် တည်ဆောက်ပေးခဲ့သည့်များစွာထဲမှ မြန်မာနိုင်ငံတွင် အရှည်ဆုံးလေယာဉ်ပြေးလမ်းရှိနေသည့်အပြင်

နိုင်ငံတကာအဆင့်မီလေယာဉ်သို့ အတက်အဆင်းတံတားကြီးများ အဆင့်မီရွေ့လျားစက်လှေကားနှင့် ဓာတ်လှေကားများ၊ အီလက်ထရွန်နစ် အခြေပြုခေတ်မီဝန်ဆောင်မှုစနစ်များ၊ လုံခြုံရေးစနစ်များပါရှိပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးထက် ပိုမိုခေတ်မီသော မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီး ဝင့်ကြွားစွာ ပေါ်ထွန်းလာမှုကို ဦးစွာပထမ တင်ပြလိုပေသည်။

မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံကြီးကို မြန်မာမှုလက်ရာများဖြင့် ထည်ဝါခံ့ညားစွာ တည်ဆောက်ထားသည်ကို ဤသို့တွေ့ရှိရသည်။

မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ မန္တလေးမြို့၏ အနောက်တောင်ဘက် ၃၅ ကီလိုမီတာ၊ မိုင် ၂၀ ခန့် ဝေးကွာသော တံတားဦးမြို့နယ်၌ တည်ဆောက်ခဲ့သည်။ ၁၉၉၃ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် နိုင်ငံတော်အကြီးအကဲများနှင့် ဝန်ကြီးများပါဝင်သောအဖွဲ့မှ တည်ဆောက်မည့် လုပ်ငန်းမြေနေရာသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ လေယာဉ်ကွင်းတည်ဆောက် အကောင်အထည်ဖော်ရေးအတွက် လမ်းညွှန်ခဲ့သည်။

၁၉၉၄ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့်ဝန်ကြီးများနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က ပန္နက်တင် မင်္ဂလာအခမ်းအနားချီးမြှင့် ကျင်းပပေးခဲ့သည်။

အခမ်းအနားပြီးသည်နှင့် လေယာဉ်ပြေးလမ်း၊ လေယာဉ်သွားလမ်းနှင့် လေယာဉ်နားရပ်တို့အပြင် ရေနုတ်မြောင်းတည်ဆောက်ခြင်းလုပ်ငန်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ကနေဒါနိုင်ငံ (Marshall Macklin Monaghan)မှ ကြီးကြပ်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

လေယာဉ်ပြေးလမ်းတည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်နေစဉ်မှာပင် ကနေဒါနိုင်ငံ (Marshall Macklin Monaghan)မှ ပုံစံထုတ်၍ ထိုင်းနိုင်ငံ Italian ThaiDevelopment Public Co.,Ltd မှအဆောက်အအုံတည်ဆောက်မှုလုပ်ငန်းနှင့် အခြားဆက်စပ်မှုလုပ်ငန်းများဖြစ်သည့် ခရီးသည်အဆောက်အအုံ၊ လေကြောင်းထိန်းမျှော်စင်၊ လေယာဉ်ပြေးလမ်းမီးစနစ်များ၊ ရေဒီယိုဆက်သွယ်ရေး နှင့် လေယာဉ်ဆင်းတက် အထောက်အကူပြု စနစ်များ၊ ရေပေးရေးစနစ်များနှင့် လေယာဉ်ဆီ သိုလှောင်ဖြန့်ဖြူးရေး စနစ်များကို တည်ဆောက်ခဲ့သည်။

လေဆိပ်ကြီးဘက်စုံ ထည်ဝါခံ့ညားစေရန် ဂျပန်နိုင်ငံ Pacific Consultants Internationalအား လေဆိပ်အဆောက်အအုံနှင့် ဆက်စပ်လုပ်ငန်းများအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ကိုယ်စားလှယ်အဖြစ် ကြီးကြပ်ဆောင်ရွက်စေခဲ့သည်။

လေဆိပ်အဆောက်အအုံကြီးကို မြန်မာမှုလက်ရာများဖြင့် ထည်ဝါခံ့ညားအောင် စီမံထားရှိပြီး လေကြောင်းကောင်တာများ၊ ခရီးသည်များ၏ ပစ္စည်းများ ရွေးချယ်ရန်နေရာတို့ကိုလည်း ခေတ်မီတိုးတက်သော နည်းစနစ်များဖြင့် ဆောင်ရွက်ထားသည်။

မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးကို ၂၀၀၀ ပြည့်ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့ နံနက် ၇း၃၀ နာရီတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး ပြည်တွင်းလေကြောင်းလိုင်းများဖြစ်သည့် မြန်မာ့လေကြောင်း၊ ရန်ကုန် အဲယားဝေး၊ အဲယားမန္တလေးတို့အပြင် မြန်မာနိုင်ငံပိုင် မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ပြေးဆွဲနေသည့် MAI လေကြောင်းလိုင်းမှ ၇၃၇ လေယာဉ်ကြီးလည်း ဖွင့်လှစ်ပွဲနေ့တွင် ဆင်းသက်ခဲ့သည်။

မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီး ဖွင့်လှစ်သည့်နေ့မှစ၍ ယနေ့အထိ ပြည်ပနိုင်ငံများမှ မန္တလေးမြို့သို့ စင်းလုံးငှားလေယာဉ်များဖြင့် တိုက်ရိုက်လာရောက်ကြသော လေယာဉ်အစင်းရေ (၅၉)စင်း ရှိနေပြီဖြစ်ကြောင်း သိရသည်။

ယခုအခါ ပြည်ပနိုင်ငံအသီးသီးမှ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ စုဝေးတည်ရှိရာ မန္တလေးမြို့တော်နှင့် မန္တလေးတိုင်းအတွင်းသို့ စင်းလုံးငှားလေယာဉ်များ၊ ဘိုအင်း ၇၆၇-၄၀၀ လေယာဉ်ကြီးများ တိုက်ရိုက်ဆင်းသက်ကာ မြန်မာနိုင်ငံ၏ အသည်းနှလုံးဖြစ်သည့် ယဉ်ကျေးမှု အမွေအနှစ်များ၊ ရှေးဟောင်းဗိသုကာလက်ရာများကို တဖွဲဖွဲ လာရောက်လေ့လာနေကြပြီဖြစ်ပါကြောင်း **မန္တလေးမြို့တော်၏ ဖွံ့ဖြိုးတိုးတက်မှု အပိုင်း-၁ ကို** တင်ပြလိုက်ရပေသည်။ ။

မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်း တတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၂ရက်က ဆိပ်ကမ်းမြို့နယ် ဆန်ကုန်စည်ဒိုင်ရှိ မြန်မာနိုင်ငံ ဆန်ကုန်သည်များ အသင်းရုံး၌ ပြုလုပ်ရာ ဒဂုံမြို့နယ်အိမ်တော်ရာကျောင်းတိုက် ဓမ္မရိပ်သာကျောင်းမှ ဘဒ္ဒန္တဓမ္မ အမှူးပြုသော သံဃာတော်များအား မြန်မာနိုင်ငံဆန်ကုန်သည်များအသင်း ဥက္ကဋ္ဌက ဦးအောင်သန်းဦးနှင့် အမှုဆောင်များက ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
(က-ပ)



အညာသားကလေး စာအုပ်ထုတ်ဝေ

၂၀၀၄ခုနှစ်တွင် အသက်ရာပြည့်မည့် စာရေးဆရာကြီး ဦးရန်အောင် အမှတ်တရအဖြစ် ရန်အောင်စာပေ၊ ၃၄၃၊ ၁၈အနောက်ရန်ကင်း၊ ရန်ကုန် ဖုန်း-၇၂၂၅၇၂က ထုတ်ဝေ ဖြန့်ချိလိုက်သည့် ရန်အောင်၏ "အညာသားကလေး" စာအုပ်မျက်နှာဖုံး။
(ဝဲပုံ) (က-ပ)

ဟာသဂျာနယ်

ဟာသဂျာနယ် အတွဲ(၁) အမှတ်(၉၉)မျက်နှာဖုံးကို တွေ့ရစဉ်။ (က-ပ)

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းတွင် ဖွင့်လှစ်ခဲ့သော You Beauty Saloon **ကို ဇူလိုင် ၁၄ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး(စစ)လမ်း အမှတ်(၂၀)သို့ ပြောင်းရွှေ့ဖွင့်လှစ်ရာ ရုပ်ရှင်၊ ဗီဒီယိုသရုပ်ဆောင် လူမင်းနှင့် ဇနီးသည်တော်ဦးထွန်းကျော်တို့က** You Beauty Saloon **ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။**
(က-ပ)

အိမ်ရှင်မ ဂျာနယ်

အိမ်ရှင်မဂျာနယ် အတွဲ(၂) အမှတ်(၁၆)၏ မျက်နှာဖုံးကို တွေ့ရစဉ်။ (ယာပုံ)
(က-ပ)

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း စာတမ်းဖတ်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၂

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA)က မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်လျက် What is Tourism စာတမ်းဖတ်ပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ Hotel Nikko Royal Lake၌ ကျင်းပသည်။

တက်ရောက်

စာတမ်းဖတ်ပွဲ အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA) ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် ခရီးသွားလုပ်ငန်းများမှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများနှင့် ခရီးသွားလာရေးလုပ်ငန်းတွင် စိတ်ပါဝင်စားကြသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ကန်တော်ကြီး ပဲလေ့စ်ဟိုတယ် သင်တန်းကျောင်းအုပ်ကြီး ဦးဝင်းကြည်နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ်(ငြိမ်း) ဦးနိုင်ဘွားတို့က သဘာပတိအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက အဖွင့်အမှာစကားပြောကြားပြီး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က အမှာစကားပြောကြားသည်။

ထို့နောက် စာတမ်းဖတ်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA)ဥက္ကဋ္ဌ ဦးခင်ဇော်က စာတမ်းဖတ်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ စာတမ်းရှင် ဦးခင်ဇော်က ခရီးသွားလုပ်ငန်းကို မိတ်ဆက်ခြင်း (Introduction to Tourism) စာတမ်း၊ စာတမ်းရှင် ဦးသန်းဋ္ဌေးက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကို လေ့လာခြင်း (Myanmar Tourism Study) စာတမ်း၊ စာတမ်းရှင် ဦးမင်းဒင်က မြန်မာနိုင်ငံ ပို့ဆောင်ရေးလုပ်ငန်း (Mode of Transportation in Myanmar)စာတမ်းနှင့် စာတမ်းရှင် ဦးတင့်နောင်က မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းကို တင်ပြခြင်း (Presentation on Myanmar Hotel Industry) စာတမ်းတို့ကိုအသီးသီး ဖတ်ကြားတင်ပြကြပြီး စာတမ်းဖတ်ပွဲ နံနက်ပိုင်းအစီအစဉ်ကို ခေတ္တရပ်နားသည်။

စာတမ်းဖတ်ကြား

ထို့နောက် မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ စာတမ်းရှင် ဒေါ်ပဉ္စကလျာနီခိုင်က ဧည့်လမ်းညွှန်များ၏ ဝန်ဆောင်မှုအတတ်ပညာ (The Tour Guide Profession) စာတမ်း၊ စာတမ်းရှင် ဒေါ်ခင်မေမြင့်က မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်း (Myanmar Tourism Promotion) စာတမ်း၊ စာတမ်းရှင် ဦးအေးကျော်က မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အခြေခံလိုအပ်ချက်များ(Fundamental Needs of Myanmar Toursim Development) စာတမ်း၊ စာတမ်းရှင် ဦးစိုးသူရထွန်းက အီလက်ထရောနစ် ခရီးသွားလုပ်ငန်း (E-Tourism) စာတမ်းနှင့် စာတမ်းရှင် ဦးသက်လွင်တိုးက ခရီးသွားလုပ်ငန်းတွင် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို လေ့လာခြင်း (Study on Human Resourses Development Needs in Myanmar Tourism Industry) စာတမ်းတို့ကို အသီးသီး ဖတ်ကြားတင်ပြကြသည်။

ထို့နောက် စာတမ်းများနှင့် စပ်လျဉ်း၍ သိလိုသည်များကို တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးကြရာ သဘာပတိနှင့် သက်ဆိုင်ရာ စာတမ်းရှင်များက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူက နိဂုံးချုပ် အမှာစကားပြောကြားပြီး စာတမ်းဖတ်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

အီဂျစ်အာရပ်သမ္မတနိုင်ငံ အမျိုးသားနေ့တွင် ဝန်ကြီး ဦးဝင်းအောင် သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၂၃

၂၀၀၃ခုနှစ် ဇူလိုင် ၂၃ရက်၌ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အာမက် မဟာ အယ်လ် ဆာယက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA)**က ကျင်းပသည့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်** "What is Tourism" **စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ အဖွင့်အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

တစ်ချက်တည်းဖြင့် ကျင်းဝင်

ရန်ကုန် ဇူလိုင် ၂၂

ဦးအောင်မြင့်စိန် (တောင်ကြီး)သည် ကစားဖော်များဖြစ်ကြသော ဦးဇော်မင်းတိုး(တောင်ကြီး)၊ ဦးခင်မောင်ညွှန့်(သာစည်)တို့နှင့်အတူ ယနေ့ မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားကြရာ EV (02) ဘောလုံးကို Rapier Iron No-6 သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၅ကိုက်အကွာအဝေးတွင်ရှိသော ကျင်းအမှတ် ၂ သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

အလားတူ ဦးခင်စိုးမြင့် (Total E and P Myanmar) သည်ကစားဖော်များဖြစ်ကြသော ဦးမြစိုး (Total E and P Myanmar)၊ ဦးကံချွန် (Total E and P Myanmar)၊ ဒေါ်ခိုင်မာထွန်း (Total E and P Myanmar)တို့နှင့်အတူ ယမန်နေ့က မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားကြရာ (Wilson Prostaff-3) ဘောလုံးကို Rapier Iron No-5 သံတုတ်ဖြင့်ရိုက်လိုက်ရာ ၁၄၁ ကိုက် အကွာအဝေးတွင်ရှိသော ကျင်းအမှတ် ၁၇ သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

ငှက်ဖျားရောဂါ နှိမ်နင်းရေးဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၂

စတုတ္ထအကြိမ် အမျိုးသားအဆင့် ငှက်ဖျားရောဂါနှိမ်နင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဇူလိုင် ၅ရက်မှ ၁၀ရက်ထိ ရပ်ကွက်၊ ကျေးရွာများအတွင်း အဖွဲ့များခွဲ၍ ကွင်းဆင်းကာ ခြင်နှိမ်နင်းရေးလုပ်ငန်း၊ ပိုးလောက်လန်း နှိမ်နင်းရေး (ဖုံး၊ သွန်၊ လဲ၊ စစ်)ချဉ်းကပ်နည်းနှင့် အမှိုက်သရိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်အောင် စုပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကြင်သိန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်ဆရာဝန်ကြီး ဒေါက်တာဇော်ဝင်းနှင့် တာဝန်ရှိသူများ ကွင်းဆင်း၍ ပညာပေးဟောပြောခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (က–ပ)

မြို့တော်ခန်းမ

ဧရာဝတီတိုင်း၏ မြို့တော် ပုသိမ်မြို့၏ မြို့တော်ခန်းမကို သန့်ရှင်းသပ်ရပ်စွာ ကမ်းနားလမ်းတွင် တွေ့ခဲ့ရသည်။

ဓာတ်ပုံ–ဌေးအောင်(ကြေးမုံ)

ပုသိမ်မြို့ နာရီစင်

ဧရာဝတီတိုင်း၏ မြို့တော် ပုသိမ်မြို့၏ လှုပခဲ့ညားသည့် နာရီစင်ကြီးကို မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းဆုံ အလယ်ဗဟိုတွင် နေရာယူထားသည်ကို တွေ့ရစဉ်။

ဓာတ်ပုံ–ဌေးအောင်(ကြေးမုံ)

➩ စာမျက်နှာ ၂ သတင်းဆောင်းပါးမှအဆက်

ပုသိမ်မြို့ ကမ်းနားလမ်းဘက်တွင် ပုသိမ်မြို့၏ မြို့တော်ခန်းမ တည်ဆောက်ထားသည်ကို တွေ့ရသည်။ ပုသိမ်မြို့၏ လုပ်ငန်းရေးရာကိစ္စများ၊ အရေးကြီးလုပ်ငန်းများ စသည်တို့ကို လိုအပ်လျှင် အသုံးပြုသည်ဟု သိရသည်။

ပုသိမ်ပုံစံ၊မွှန်ပုဂံ၊ လှျံလှျံတန်ခိုးလင်း ဟူသော အလင်္ကာ၊ တပေါင်အရ ပုသိမ်မြို့ပေါ်တွင် ထင်ရှားသော မုဋ္ဌောကိုးဆူရှိသည့်အနက် ပုသိမ်မြို့လယ်၌ မြတ်စွာဘုရားလောင်း ရွှေငါးကြင်းနှင့် ဝက်မင်းဖြစ်ခဲ့ဖူးသောအရပ်တွင် တည်ထားကိုးကွယ်သည့် ရွှေမုဋ္ဌောစေတီတော်ကြီးကိုလည်း ခရီးသွားရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ကြသည်။

ပုသိမ်မြို့ ပြည်တွင်းရေကြောင်း သင်္ဘောဆိပ်၊ ပုဂ္ဂလိကမော်တော်ဆိပ်၊ လှေ၊သမ္ဗာန် ဆိပ်များတွင် ပုသိမ်မြို့ ကျေးရွာများမှ ခရီးသည်များ၊ ကာယ၊ ဉာဏ လုပ်သားများဖြင့် ကမ်းနားလမ်း တစ်လျှောက် စည်ကားလျက်ရှိသည်။

အနောက်တောင်တိုင်း စစ်ဌာနချုပ်၏ နယ်မြေ၊ ဧရာဝတီတိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့၏ ဘက်စုံ၊ကဏ္ဍစုံ ကြိုးပမ်းမှုများကြောင့် ဧရာဝတီတိုင်း၏ မြို့တော် ပုသိမ်မြို့သည် တည်ငြိမ်အေးချမ်း သန့်ရှင်းသာယာလှပလျက်ရှိသည်။ ခေတ်အဆက်ဆက်တွင် မြန်မာပြည်၏ စပါးကျီကြီးအဖြစ် ရပ်တည်ခဲ့သော ဧရာဝတီတိုင်းသည်လည်း ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ ဦးဆောင်မှု၊ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်ဆင့်မှ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ဒေသပြည်သူများ ပူးပေါင်းအားထုတ်ကြိုးပမ်းမှုနှင့်အတူ အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလျက်ရှိပါကြောင်း ရေးသားဖော်ပြလိုက်ပါသည်။ (ကြေးမုံ)

ဒေါ်စုကြည်၊ အင်န်အယ်လ်ဒီပါတီနှင့် ကျွန်တော်တို့၏ မျှော်လင့်ချက်ရောင်နီ (၁၂)

မောင်ရင်မှိုင်း

"ဘယ်ဝယ် ဘယ်ဝယ်ဆီ မှန်းဆကာ တမ်းတကာ လွမ်းရပါမည်"

ကျွန်တော် မျှော်လင့်ထားမိခဲ့တဲ့အတိုင်း ရှန်းရင်းဆန်ခတ်မှု အခြေအနေ အကြောင်းတရားတစ်ရပ်နဲ့ အဆုံးသတ်သွားခဲ့တဲ့ ကျွန်တော်တို့ခရီးစဉ်နဲ့ ပတ်သက်လို့ ဘယ်သူမှန်တယ်၊ ဘယ်သူမှားတယ်ဆိုတာကို ဝေဖန်သုံးသပ် သရုပ်ခွဲ အဖြေရှာနေမယ့်အစား ဘာကြောင့် ဒီလိုတွေဖြစ်ခဲ့ရတယ်ဆိုတာကို အဖြေရှာကြည့်တာက ပိုပြီး ဆီလျော်အပ်စပ်မှု ရှိလိမ့်မယ်လို့ ယူဆမိပါတယ်။

ဖြစ်ပျက်ခဲ့သမျှ ကိစ္စအဝဝအပေါ် ကျွန်တော့်အမြင်ကို ပွင့်ပွင့်လင်းလင်း ပြောရရင် "အန်တီစု" ဦးဆောင်တဲ့ ကျွန်တော်တို့ "အင်န်အယ်လ်ဒီ" ပါတီဝင်တစ်စုဟာ ခရီးစဉ်ကာလအတွင်း ရောက်လေရာအရပ်မှာ ရရှိပြီးသား တည်ငြိမ်အေးချမ်းမှု (ပုံမှန် အခြေအနေ)တွေ ပျက်ပြားပြီး မလိုလားအပ်တဲ့ ရှန်းရင်းဆန်ခတ်မှုတွေ ဖြစ်ပေါ်အောင် ဆူပူလှုံ့ဆော်ရင်း မလွှဲမရှောင်သာ ဖြစ်ပေါ်လာရတဲ့ ပြဿနာအရပ်ရပ်ကို တည်ဆဲ အစိုးရအပေါ်

ပုံချလိုတဲ့ သဘောထားမျိုးနဲ့ ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့တာဖြစ်ကြောင်း ကျွန်တော်တို့ ငြင်းမရပါဘူး။

ခရီးစဉ်တစ်လျှောက်က "အန်တီစု" ဦးဆောင်တဲ့ ကျွန်တော်တို့အဖွဲ့ရဲ့ လှုပ်ရှားပြုမှု လုပ်ဆောင်ချက်တွေကို လေ့လာကြည့်လိုက်မယ်ဆိုရင် သွားလေရာအရပ်၊ ရောက်လေရာနေရာ အစုံမှာ လူစုလူဝေး မဖြစ်ဖြစ်အောင် လှုံ့ဆော်မှုတွေကို ပုံစံအမျိုးမျိုးနဲ့ လုပ်ဆောင်ခဲ့သလို လူစုလူဝေး ပေါ်ပေါက်လာတဲ့ အခါမှာလည်း ပုဂ္ဂိုလ်ရေးထင်ပေါ်ကျော်ကြားမှု အရှိန်အဝါကို အမိအရ အသုံးချပြီး အစိုးရအပေါ် ဝေဖန်ပုတ်ခတ် ပြောကြားတာမျိုး၊ အသင်းအဖွဲ့တွေ၊ ဌာနဆိုင်ရာ ဝန်ထမ်းတွေကို သိက္ခာချပြီး အကြည်အညိုပျက်စေအောင် အသရေဖျက်စကား ပြောတာမျိုး၊ အသေးအမွှားပြဿနာလေးတွေကိုချပြပြီး တာဝန်သိစိတ်တွေ လျော့နည်းကာ ဆန့်ကျင်ဖီဆန်လိုမှုတွေ ဖြစ်ပေါ်အောင် လှုံ့ဆော်ပြောဆိုတာမျိုးတွေကို ကာလဒေသအလိုက် အထူးအပါး ခွဲခြားလုပ်ဆောင်ခဲ့ပါတယ်။ "အန်တီစု"ရဲ့ ဟောပြောချက်တွေကို ပြန်လေ့လာကြည့်လိုက်ရင် ဒီသဘောတရားမျိုးတွေကို ထင်းထင်းလင်းလင်း တွေ့မြင်ရပါလိမ့်မယ်။

ကျွန်တော်တို့ရဲ့ ခရီးစဉ်တစ်လျှောက် "အန်တီစု" ဦးဆောင်တဲ့ ကျွန်တော်တို့အဖွဲ့တွေကို ဒေသခံပြည်သူတွေက ကန့်ကွက်ရှုတ်ချ ဆန္ဒပြတဲ့ဖြစ်စဉ်တွေကို ပြန်လည်သုံးသပ်ကြည့်ရင် "အန်တီစု"က နားရွက်ကို တံတွေးသွားတို့သလို အလုပ်ကောင်းလို့ "တန်ပြန်"သဘောနဲ့ ပေါ်ပေါက်လာခဲ့တာပါ။

ဥပမာ- စစ်ကိုင်းတိုင်း ခရီးစဉ်ကိုကြည့်။ ဝန်းသိုမှာ ဝေဖန်ပုတ်ခတ်မှုတွေ လုပ်ခဲ့တော့

> **၁၉၈၈ခုနှစ် အရေးအခင်းကာလ မင်းမဲ့စရိုက် လွှမ်းမိုးသော ဆူပူဆန္ဒပြမှုပုံစံများနှင့် အလားတူ စစ်ကိုင်းမှ မုံရွာသို့အသွား လမ်းခရီး၌ ဒေါ်စုကြည်နှင့် နောက်လိုက် အင်န်အယ်လ်ဒီပါတီဝင်တစ်စု ဆူပူအော်ဟစ်ကြွေးကြော်သွားကြစဉ်။**
>
> (၂၉-၅-၂၀၀၃ရက်နေ့)

အင်းတော်နဲ့ ကသာမြို့တွေမှာ တုံ့ပြန်ကန့်ကွက်ရှုတ်ချဆန္ဒပြမှုတွေ အစီအရီ ပေါ်လာတယ်။ ကချင်ပြည်နယ် ခရီးစဉ်မှာဆိုရင်လည်း ဒီအတိုင်းပဲ။ လုံးခင်းမှာ ပေါ်ပေါ်တင်တင်ကြီး နာမည်တပ် ယိုးစွပ်ပုတ်ခတ်ခဲ့တာကြောင့် တနိုင်း၊ မြစ်ကြီးနား၊ ဗန်းမော် ခရီးစဉ်တွေမှာ အင်နဲ့အားနဲ့ တန်ပြန် ကန့်ကွက်ရှုတ်ချ ဆန္ဒပြမှုတွေ ရှိလာခဲ့တယ်။ မန္တလေးတိုင်း ခရီးစဉ်မှာဆိုရင်လည်း ဘာထူးလဲ။ မိုးကုတ်ရောက်တုန်း ကက်ကက်လန်အောင် အပြောကောင်းခဲ့လို့ မိုးကုတ်-မန္တလေး ခရီးစဉ်တစ်လျှောက် မှိုလိုပေါက်နေတဲ့ ကန့်ကွက်ရှုတ်ချ ဆန္ဒပြသူတွေနဲ့ ကြုံခဲ့ရတာ။

နောက်တစ်ချက် ပြောစရာရှိသေးတာက ခရီးစဉ်တစ်လျှောက် ရင်ဆိုင်ကြုံတွေ့ရတဲ့ ကျွန်တော်တို့အဖွဲ့ကို ကန့်ကွက်ရှုတ်ချ ဆန္ဒပြမှုဖြစ်စဉ်တွေမှာ ပါဝင်တဲ့ ဒေသခံတွေအနေနဲ့ တုတ်တွေ၊ ဓားတွေ၊ လှံတွေ ကိုင်ဆောင်ခြိမ်းခြောက်မှုတွေ မရှိခဲ့သလို ယာဉ်တန်းပေါ်မှာပါတဲ့ ကျွန်တော်တို့ အဖွဲ့တွေကိုလည်း ကိုယ်ထိလက်ရောက် ဆွဲလား၊ ရှန်းလား၊ ထိုးလား၊ ကြိတ်လား၊ ကန်လား၊ ကြောက်လား ဘာတစ်ခုမှ မလုပ်ခဲ့ပါဘူး။

ဒါပေမယ့်

ကိုယ့်ဘက်ကသာ ဦးအောင်လက်စွမ်းပြပြီး လေးခွနဲ့ ပစ်လားပစ်ရဲ့၊ ဆွဲလား၊ ထိုးလားနဲ့ ရိုက်နှက်ခဲ့ကြတာပါ။ အသံ ပြာပြာပြာပြာနဲ့ အသံကုန်အော်ကြပြီး "အကြမ်းဖက် ဟန့်တားနှောင့်ယှက်သည်"၊ "မတရားဟန့်တားနှောင့်ယှက်သည်"ဆိုတဲ့ စွပ်စွဲကြေညာချက်တွေနဲ့ တာဝန်ရှိသူ အဆင့်ဆင့်နဲ့ အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်ကို ထိုးနှက်မှုတွေက ပွက်လောရိုက်ခဲ့ပါတယ်။ ဒါကို ကျွန်တော်တို့ ခရီးစဉ်ရဲ့ နိုင်ငံရေး အမြတ်ထုတ်နိုင်မှုလို့ သတ်မှတ်ယူဆလက်ခံကြသူတွေလည်း ရှိနေပြန်တယ်။

တကယ်ဆိုရင်

"အန်တီစု"ဦးဆောင်တဲ့ "အင်န်အယ်လ်ဒီ" ပါတီဝင်တစ်သိုက်ရဲ့ စည်းရုံးရေးခရီးစဉ်တွေမှာ

> **ဒေါ်စုကြည်နှင့် နောက်လိုက်အင်န်အယ်လ်ဒီပါတီဝင်တစ်စု စစ်ကိုင်းမှမုံရွာသို့အသွား လမ်းခရီး၌ အရပ်ကိုမှအားမနာ ပရမ်းပတာအော်ဟစ်ဆူပူ၍ လူစုလူဝေးဖြစ်အောင် ဖန်တီးသွားပုံ။**

တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းဖြစ်ဖို့ အတွက် အဓိကတာဝန်အရှိဆုံးလူဟာ ဘယ်သူလဲလို့မေးရင် ကျွန်တော်ကတော့"အန်တီစု" ကိုပဲ လက်ညှိုးထိုးပြရပါလိမ့်မယ်။ ရွေးကောက်ပွဲမဲဆွယ်ကာလ မဟုတ်ဘဲ ပါတီအမှတ်အသားတွေ ထင်ထင်ရှားရှားနဲ့ မြို့တကာ၊ နယ်တကာလှည့်ပြီး ဟောပြောပွဲတွေ လုပ်ခွင့်ပေးတာဟာ ကျွန်တော်တို့ပါတီအတွက် ရတောင့်ရခဲလှတဲ့ အခွင့်အရေး တစ်ရပ်ပါပဲ။ ဒီအခွင့်အရေးပါ လုပ်သင့်လုပ်ထိုက်တဲ့ လုပ်ဆောင်ချက်တွေအတိုင်း လုပ်ဆောင်ခဲ့မယ်ဆိုရင်လည်း ကျွန်တော်တို့အဖွဲ့ကို ကန့်ကွက်ရှုတ်ချ ဆန္ဒပြမှုတွေဆိုတာ ရှိချင်မှရှိမှာ။ အခုတော့ အလကားနေရင်း သွားပြီး ပုတ်ခတ်တော့ ရှုပ်ကုန်တာပေါ့။ ဖြစ်ရပ်ဖြစ်စဉ်တွေရဲ့ အခြေခံအကြောင်းတရားကို ဆန်းစစ်ကြည့်ရင် သေချာတဲ့ အချက်တစ်ချက်ကတော့ ကျွန်တော်တို့ "အင်န်အယ်လ်ဒီ"ကို လုံးဝလက်မခံတဲ့ ပြည်သူတွေ အင်နဲ့အားနဲ့ ရှိနေတယ်ဆိုတဲ့ အချက်ပါပဲ။

နိုင်ငံတော်အစိုးရပိုင်းက ပြစ်ချက်အနာအဆာ ဗရပွဖြစ်နေတဲ့ ကျွန်တော်တို့ "အင်န်အယ်လ်ဒီ" ပါတီနဲ့ ပတ်သက်လို့ "အန်တီစု"ရဲ့ ဆန္ဒအရ လုပ်ကိုင်လိုတာတွေနဲ့ ပတ်သက်လို့ ထိုက်သင့်တဲ့ အတိုင်းအတာအတွင်းက ခွင့်ပြုခဲ့ပေမယ့်လည်း "အန်တီစု"နဲ့ "အင်န်အယ်လ်ဒီ" ပါတီဝင်အချို့ရဲ့ လုပ်ဆောင်ချက်တွေဟာ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်မှု အနေအထားမျိုးမဟုတ်ဘဲ ရတဲ့အခွင့်အရေးကို အသုံးချပြီး အားစမ်းအန်တုဖက်ပြိုင်သလို ဖြစ်နေခဲ့ပါတယ်။

တကယ်လို့သာပေါ့လေ

နိုင်ငံတော် အစိုးရပိုင်းက ခွင့်ပြုလိုက်လျှော့ပေးတဲ့ အတိုင်းအတာအတွင်းကပဲ "အန်တီစု" အနေနဲ့ ညင်ညင်သာသာ၊ ပျော့ပျော့ပျောင်းပျောင်း၊ သိမ်သိမ်မွေ့မွေ့နဲ့ ညှိညှိနှိုင်းနှိုင်း ထိတွေ့ပေါင်းစပ်ဆောင်ရွက်ခဲ့မယ်ဆိုရင်. . .

ရောက်လေရာအရပ်မှာ စည်းနဲ့ကမ်းနဲ့ စနစ်တကျ တာပေါ်ကို ရေကျော်မယ့် အရိပ်လက္ခဏာမျိုးတွေ မပြဘဲ ထိန်းထိန်းသိမ်းသိမ်း ပြောဆိုလုပ်ဆောင်ခဲ့မယ်ဆိုရင်. . .

ညကြီးအချိန်မတော် သွားလာလှုပ်ရှားပြီး ကြုံသလိုနား၊ ကြုံသလိုစား၊ ကြုံသလိုဟောတာ ပြောတာတွေ မလုပ်ခဲ့ဘူးဆိုရင်. . .

ကျွန်တော်တို့သွားခဲ့တဲ့ ခရီးစဉ်တွေဟာ ဘယ်လောက်အထိ တန်ဖိုးရှိလိမ့်မလဲဆိုတာ စဉ်းစားသာ ကြည့်ကြပါတော့။

ပြောမယ်ဆိုရင်က

နိုင်ငံရေးပါတီတစ်ခုရဲ့ မူဝါဒတစ်ခုကို ခေါင်းပေါ်ရွက် ထိပ်ပေါ်တင်ပြီး အရပ်တကာလှည့် ဟောပြောနေတဲ့အလုပ်ဟာ လူတိုင်းနဲ့ သဘောထား မတူညီနိုင်တဲ့အတွက် လူတိုင်းလူတိုင်းကတော့ လိုလိုလားလားရှိကြမှာ မဟုတ်ပါဘူး။ ဒါ့အပြင် အုပ်စုဖွဲ့ ဗရုတ်ဗရက် လုပ်မှုတွေကြောင့် စိတ်အနှောင့်အယှက် ဖြစ်မှုတွေ၊ မဆင်မခြင် တုံ့ပြန်မှုတွေဆိုတာလည်း ရှိနိုင်တာပဲ။

ဒီလို သဘောသဘာဝတွေကို အလေးမမူဘဲ ညကြီးအချိန်မတော် သွားလာလှုပ်ရှားခဲ့တော့ တကယ်လည်း ထိပ်တိုက်ပြဿနာ ဖြစ်လာပြီ

၂၉-၅-၂၀၀၃ရ…
သည့်ပုံစံဖြင့် ဖြတ်သ…

လည်းဆိုရော ဘယ်သူ…
ပါတယ်လို့တောင် လ…
အဖြစ်မျိုး ကြုံရပါလေ…
ဟိုလူ့လက်ချက်ပါ၊ ဒ…
ပြောနေကြပေမယ့် တက…
ဖြစ်ကြောင်းကိုတော့ …
အလီဘိုင်ပြစရာ မရှိပါဘူ…
တို့ရဲ့ အားနည်းချက် …

မြန်မာနိုင်ငံ တစ်နံ…
ခဲ့တဲ့ ကျွန်တော်တို့ …
ကောက်ကြည့်လိုက်ရင် …
ကနဦး အစပိုင်းလော…
ဆိုတာကို အရိပ်အမြွက်…
နယ်နဲ့ ရှမ်းပြည်နယ် ခ…
ရွေးယခင်က လုပ်ရိုးလုပ်…
တွေနဲ့ သဘောထားအမြ…
အစိုးရရဲ့ အားနည်းချက်…
မြစ်ဆုံးအောင်အထိ …
ရွဲ့တစ်လှည့်နဲ့ ဝေဖန်ပု…
ပါတယ်။

ခရီးစဉ်တစ်ခေါက်နဲ့…
ဆိုးလာခဲ့တဲ့ ဝေဖန်ထိုးနှ…
အတင့်ရဲလာသလို သေ…
လည်း ပြောင်ပြောင်တ…
တာပဲ။ နိုင်ငံတော်အစိ…
အချို့နဲ့ ပုံမှန်တွေ့ဆုံ…
ယုံကြည်မှုတည်ဆောက်…
Political Dialogue …
Dialogue လုပ်ရမယ် …
အပြင်ကာတဲ့ လုပ်ရပ်…
ပါတယ်။

နိုင်ငံတော်အစိုးရပို…
မှုတွေကြောင့် ဥပဒေနဲ့…
ထိန်းသိမ်းထားသူတွေကို…
ယှဉ်ပြီး စိစစ်လွှတ်ပေး…
တောင်းပြီး အားလုံးခြွ…
တောင်းဆိုတာမျိုး၊ …
ပတ်သက်ပြီး ထိုက်သ…
ဖွဲ့စည်းမှုတွေ ပေးထားပ…
တွေကို လွတ်လွတ်လပ်…
ပေးရမယ်လို့ တောင်း…
တိုးထွက်လာခဲ့ပါတယ်။



၂၉-၅-၂၀၀၃ရက်နေ့ ဒေါ်စုကြည်ယာဉ်တန်း မုံရွာမြို့အဝင်ဂိတ်ကို အုပ်စုဖွဲ့ဗရုတ်ကျသည့်ပုံစံဖြင့် ဖြတ်သန်းမောင်းနှင်ကြပုံ။

၁၉၈၈ခုနှစ် အရေးအခင်းအပြီး ကာလကနေ ဒီကနေ့ ဒီအချိန်အထိ "အန်တီစု" လက်ကိုင်ထားတဲ့ မူဝါဒဟာ "အင်န်အယ်လ်ဒီ"ပါတီကို မယ်ပိုင်စီးပြီး တစ်ကိုယ်တော် လူစွမ်းကောင်းဝါဒနဲ့ အာဏာလက်ဝယ်ရရှိရေး သက်သက်လို့တောင် ပြောရမလို၊ ယူဆရမလို ဖြစ်နေပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ ဒီမိုကရေစီကို ဗန်းပြရှေ့တန်းတင်ပြီး တစိုက်မတ်မတ် လုပ်လာခဲ့တဲ့ တောင်းဆိုလှုပ်ရှားမှုတွေအားလုံးဟာ ဘယ်မှာများ "အေးချမ်းစွာ အသွင်ကူးပြောင်းရေး" လုပ်ငန်းစဉ်ကို ချဉ်းကပ်ခဲ့လို့လဲ။ "အမျိုးသားပြန်လည်သင့်မြတ်ရေး"ဆိုတာကလည်း လူကြားကောင်းအောင် အော်တဲ့အသံမျိုး ဖြစ်နေတယ်။

လည်းဆိုရော ဘယ်သူဘယ်ဝါကတော့ ဘာလုပ်ပါတယ်လို့တောင် လက်ညှိုးထိုးပြစရာမရှိတဲ့ အဖြစ်မျိုး ကြုံရပါလေရော။ မမြင်မကန်းနဲ့ ဟိုလူ့လက်ချက်ပါ၊ ဒီလူ့ လက်ချက်ပါလို့ ပြောနေကြပေမယ့် တကယ်တမ်း ဘယ်သူဘယ်ဝါဖြစ်ကြောင်းကိုတော့ ဘယ်သူမှ အတိအကျ အလီဘိုင်ပြစရာ မရှိပါဘူး။ အဲဒါကိုက ကျွန်တော်တို့ရဲ့ အားနည်းချက် ဖြစ်မနေပေဘူးလား။

မြန်မာနိုင်ငံ တစ်နံတစ်လျား ခြေဆန့်သွားခဲ့တဲ့ ကျွန်တော်တို့ ခရီးစဉ်တွေကို အစပြန်ကောက်ကြည့်လိုက်ရင် "အန်တီစု" အနေနဲ့ ကနဦး အစပိုင်းလောက်မှာပဲ အပြုသဘောဆိုတာကို အရိပ်အမြွက်လောက်ပြခဲ့ပြီး မွန်ပြည်နယ်နဲ့ ရှမ်းပြည်နယ် ခရီးစဉ်တွေက အစပြုလို့ ရှေးယခင်က လုပ်ရိုးလုပ်စဉ်၊ လုပ်နည်းလုပ်ဟန်တွေနဲ့ သဘောထားအမြင်တွေအတိုင်း နိုင်ငံတော်အစိုးရရဲ့ အားနည်းချက်မှန်သမျှကို ရေသောက်မြစ်ဆုံးအောင်အထိ တူးဆွပြပြီး မဲ့တစ်ခါ ရွဲ့တစ်လှည့်နဲ့ ဝေဖန်ပုတ်ခတ်မှုတွေ လုပ်လာခဲ့ပါတယ်။

ခရီးစဉ်တစ်ခေါက်နဲ့တစ်ခေါက် ဆိုးသထက်ဆိုးလာခဲ့တဲ့ ဝေဖန်ထိုးနှက် ပုတ်ခတ်မှုတွေဟာ အတင့်ရဲလာသလို သွေးထိုးလှုံ့ဆော်မှုတွေကိုလည်း ပြောင်ပြောင်တင်းတင်း လုပ်လာတော့တာပဲ။ နိုင်ငံတော်အစိုးရပိုင်းက တာဝန်ရှိသူအချို့နဲ့ ပုံမှန်တွေ့ဆုံနေမှု အပိုင်းကိုလည်း ယုံကြည်မှုတည်ဆောက်ခဲ့တဲ့ အဆင့်ပဲဖြစ်တယ်။ Political Dialogue မဟုတ်ဘူး။ Political Dialogue လုပ်ရမယ် ဘာညာနဲ့ အတွင်းထဲရဲ့ အပြင်ကာတဲ့ လုပ်ရပ်တွေ လုပ်ဆောင်လာခဲ့ပါတယ်။

နိုင်ငံတော်အစိုးရပိုင်းက နိုင်ငံရေးလှုပ်ရှားမှုတွေကြောင့် ဥပဒေနဲ့ ငြိစွန်းမှုအရ ဖမ်းဆီးထိန်းသိမ်းထားသူတွေကို နိုင်ငံရေးတည်ငြိမ်ခြေနဲ့ ယှဉ်ပြီး စိစစ်လွှတ်ပေးနေမှုကိုလည်း အဆစ်တောင်းပြီး အားလုံးခြွင်းချက်မရှိ လွှတ်ပေးဖို့ တောင်းဆိုတာမျိုး၊ နိုင်ငံရေးပါတီတွေနဲ့ ပတ်သက်ပြီး ထိုက်သင့်တဲ့ လှုပ်ရှားမှုတွေ၊ ဖွဲ့စည်းမှုတွေ ပေးထားပါလျက်နဲ့ နိုင်ငံရေးပါတီတွေကို လွတ်လွတ်လပ်လပ် စည်းရုံးလှုပ်ရှားခွင့်ပေးရမယ်လို့ တောင်းဆိုတာမျိုးတွေနဲ့ ရှေ့ကိုတိုးထွက်လာခဲ့ပါတယ်။

မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုတွေနဲ့ ပတ်သက်လို့လည်း တွေ့ဆုံဆွေးနွေးရေး မလုပ်မချင်း "အင်န်အယ်လ်ဒီ"ရဲ့ မူလသဘောထား မပြောင်းဘူးဆိုပြီး သံတမန် အသိုင်းအဝိုင်းနဲ့ သတင်းဌာနတွေကို ကျယ်ကျယ်ပြန့်ပြန့် ပြောဆိုခဲ့ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ "အန်တီစု" အနေနဲ့ နိုင်ငံတော်အစိုးရပိုင်းက လိုက်လျောမှုတွေအပေါ် မူလသဘောထား မပြောင်းဘဲ အမြတ်ထုတ် လုပ်ဆောင်ခဲ့တယ်ဆိုတာကို ပေါ်လွင်ထင်ရှားစေတဲ့ အချက်တွေအဖြစ် မှတ်ယူရမယ့် အဖြစ်အပျက်တွေပါ။

ပြည်ပအင်အားကြီး နိုင်ငံအချို့နဲ့ အပေးအယူ အချိတ်အဆက်တွေလုပ်ပြီး ရတဲ့အခွင့်အရေးတိုင်းမှာ တည်ဆဲအစိုးရအပေါ် ကျောရိုးကြိုကြိုသွားတဲ့ "အန်တီစု"ရဲ့ လုပ်ရပ်တွေကို ဝေဖန်သရုပ်ခွဲနိုင်တဲ့သူတွေ ကျွန်တော်တို့ပါတီထဲမှာ အများကြီးပါ။ ဒါပေမယ့် တစ်နေ့နေ့ကောင်းလာနိုး၊ တစ်ကွေ့ကွေ့ ကောင်းလာနိုးနဲ့ မျှော်လင့်ရင်း မျှော်လင့်ရင်း နောက်ဆုံးမှာတော့ ဒီအခြေအနေကို ဆိုက်ခဲ့ရတာပါ။

"အန်တီစု"ရဲ့ ပြောဆိုလုပ်ဆောင်ချက်တွေအပေါ်မူတည်ပြီး နယ်စပ်မှာရှိနေတဲ့ အကြမ်းဖက် သောင်းကျန်းသူအဖွဲ့အစည်းတွေနဲ့ နိုင်ငံတကာရောက် ဆန့်ကျင်ဘက် ပြည်ပြေးအဖွဲ့အစည်းတွေကလည်း ပြည်တွင်းမှာ ဆူပူဆန္ဒပြမှုတွေ ဖြစ်ပွားအောင် လှုံ့ဆော်နိုင်ဖို့၊ ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းတွေလုပ်ပြီး နိုင်ငံရေး သိက္ခာချနိုင်ဖို့အတွက် ထောင်ထွက်တွေ၊ ဆန့်ကျင်ဘက် အရောင်အသွေးရှိသူတွေကို သိမ်းသွင်း စည်းရုံးခဲ့တာကတော့ အမှန်တွေပါပဲ။

တစ်ဆက်တည်းဆိုသလိုပဲ ဟန်ချက်ညီလုပ်ဆောင်တဲ့အနေနဲ့ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းတွေကို လုပ်ဆောင်ခဲ့ရာမှာ

မုံရွာမြို့သို့ ဒေါ်စုကြည်ယာဉ်တန်း အုပ်စုဖွဲ့ ဗရုတ်ကျဝင်ရောက်စဉ် အထူးအဆန်းသဖွယ် လိုက်လံကြည့်ရှုနေသော ပရိသတ်။

ရန်ကုန်မြို့က အမေရိကန် သံရုံးရှေ့နဲ့ ဗိုလ်ဆွန်ပက်လမ်း အမှိုက်ပုံက ဗုံးပေါက်ကွဲမှုတွေ၊ ကျောက်တံခါးမြို့နယ် တောကျွဲအင်း အနီးက လျှပ်စစ်တာဝါတိုင် ဖောက်ခွဲဖျက်ဆီးခံရမှုတွေ၊ ဖြူးမြို့ ရုပ်ရှင်ရုံမှာ ချိန်ကိုက်ဗုံး ပေါက်ကွဲမှုတွေနဲ့ တာချီလိတ်မြို့အတွင်း ဖြစ်ပွားခဲ့တဲ့ ဗုံးပေါက်ကွဲမှုတွေက သက်သေခံနေပါတယ်။

၁၉၈၈ခုနှစ် အရေးအခင်းအပြီး ကာလကနေ ဒီကနေ့ ဒီအချိန်အထိ "အန်တီစု" လက်ကိုင်ထားတဲ့မူဝါဒဟာ "အင်န်အယ်လ်ဒီ"ပါတီကို မယ်ပိုင်စီးပြီး တစ်ကိုယ်တော် လူစွမ်းကောင်းဝါဒနဲ့ အာဏာလက်ဝယ်ရရှိရေး သက်သက်လို့တောင် ပြောရမလို၊ ယူဆရမလို ဖြစ်နေပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ ဒီမိုကရေစီကို ဗန်းပြရှေ့တန်းတင်ပြီး တစိုက်မတ်မတ် လုပ်လာခဲ့တဲ့ တောင်းဆိုလှုပ်ရှားမှုတွေ အားလုံးဟာ ဘယ်မှာများ "အေးချမ်းစွာ အသွင်ကူးပြောင်းရေး" လုပ်ငန်းစဉ်ကို ချဉ်းကပ်ခဲ့လို့လဲ။ "အမျိုးသား ပြန်လည်သင့်မြတ်ရေး" ဆိုတာကလည်း လူကြားကောင်းအောင် အော်တဲ့အသံမျိုး ဖြစ်နေတယ်။

ကျွန်တော်တို့မှာတော့ ပါတီထဲ စရောက်ပါပြီဆိုကတည်းကနေ ဘဝတိုးတက်ရာ တိုးတက်ကြောင်း အသက်မွေးဝမ်းကျောင်း အလုပ်တွေကို စွန့်လွှတ်ပြီး ပုဂ္ဂိုလ်ရေး အထင်ကြီးမှုတွေ၊ လေးစားမှုတွေနဲ့အတူ အသင်းအဖွဲ့ လှုပ်ရှားမှုစိတ် အပြည့်နဲ့ ကိုယ့်တိုင်း၊ ကိုယ့်ပြည်၊ ကိုယ့်လူမျိုး ကောင်းစားရေးအတွက် တစ်တပ်တစ်အား လုပ်မယ်ဟော့လို့ အားတင်းလိုက်ရတာ။

ငါတို့ ခေါင်းဆောင်တွေ အနေနဲ့ကလည်း ကိုယ့်အမျိုးသား အကျိုးစီးပွားအတွက် ပုဂ္ဂိုလ်စွဲတွေ၊ ဂိုဏ်းဂဏစွဲတွေ၊ ဝါဒစွဲတွေ၊ အာဃာတတွေ၊ မာန်မာနတွေ ပြယ်ချိန်တန်တဲ့တစ်နေ့ ပြယ်လာပြီး အတွေးသစ်၊ အမြင်သစ်တွေနဲ့ လမ်းသစ်တစ်ခုကို လက်တွဲဖောက်ကြမှာပါလေလို့ မျှော်လင့်ခဲ့သမျှ ရောင်နီလေး သန်းလာချိန်မှာပဲ အင်မတန် ဝမ်းနည်းစရာကောင်းတဲ့ အဖြစ်အပျက်တစ်ခုကို ကျွန်တော့်ပါတီက အမြော်အမြင် နည်းပါးလွန်းတဲ့ လုပ်ရပ်၊ အဆင်အခြင်ကင်းမဲ့တဲ့ အပြုအမူတွေနဲ့ ဦးဆောင်ဖန်တီး ပုံဖော်လိုက်တဲ့အခါ. . .

ကျွန်တော်တို့အဖြစ်က "ဘယ်ဝယ် ဘယ်ဝယ်ဆီ မှန်းဆကာ တမ်းတကာ လွမ်းရပါမည်. . ."လို့ အော်ရင်း ငိုရတော့မယ့် အပေါက်မျိုး ရောက်ရပါလေရော။ တစ်ခါတစ်ခါလည်း တွေးမိပါတယ်. . .။ အစိုးရနဲ့ ကျွန်တော်တို့ အင်န်အယ်လ်ဒီ ပြေလည်မှု လမ်းကြောင်းပေါ်မှာ ရောက်နေတာကို မလိုလားတဲ့သူတွေက ပျက်စီးရာ ပျက်စီးကြောင်း တမင်ဖန်တီးနေပါလား. . . အဲဒီဖန်တီးမှုနောက်ကို"အန်တီစု"တစ်ယောက် နားယောင်ပြီး လိုက်နေပါရောလားလို့. . .။ ။

---ပြီး---

ဒေါ်စုကြည်နှင့် နောက်လိုက်ပါတီဝင်တစ်စု ဘုတလင်မြို့သို့အဝင် သကြန်ရေပက်ခံထွက်သည့် အသွင်နှင့်မခြားဟေးလားဝါးလားနှင့် အော်ဟစ်ဆူညံနေပုံ။
(၃၀-၅-၂၀၀၃ရက်နေ့)

⇨ ကျောဖုံးမှ

ရေအားလျှပ်စစ်ဦးစီးဌာနတို့သည် ရွှေလီရေအားလျှပ်စစ် ဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာပြုစုရန်၊ အသေးစိတ်ဒီဇိုင်းပုံစံထုတ်ရန်နှင့် တင်ဒါစံညွှန်း ပြုစုရန်အတွက် အတိုင်ပင်ခံအင်ဂျင်နီယာအဖွဲ့ ငှားရမ်းသည့်စာချုပ် များကို အမေရိကန်ဒေါ်လာ ၁ဒသမ ၁၅သန်း တန်ဖိုးဖြင့် ချုပ်ဆိုသည့်အပြင် ယင်းကုမ္ပဏီနှင့် ရေအားလျှပ်စစ် ဦးစီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားရန် နားလည်မှုစာချွန်လွှာကိုလည်း ၂၀၀၂ခုနှစ် ဖေဖော်ဝါရီ ၂၆ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီးစီးပါက နိုင်ငံတော်ပိုင်စက်ရုံများ၊ ကုန်ထုတ်လုပ်ငန်းများနှင့် ဒေသအသီးသီးရှိ ပြည်သူများထံသို့ ဓာတ်အားသယ်ပို့ ဖြန့်ဖြူးပေးနိုင်ရန်အတွက် ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ လိုအပ်သဖြင့် ရွှေလီရေအားစက်ရုံ စီမံကိန်းအတွက် မဟာဓာတ်အားလိုင်း တည်ဆောက်ရေးလုပ်ငန်းကိုပါ ဆောင်ရွက်သွားမည်ဖြစ်ရာ ရွှေလီမှမန္တလေး ၂၁၇မိုင်ကို ကေဗွီ ၂၃၀ ဓာတ်အားလိုင်းတစ်လိုင်း၊ မန္တလေးမှမုံရွာ ၁၃၅မိုင်ကို ၁၃၂ကေဗွီ ဓာတ်အားလိုင်းတစ်လိုင်း၊ နမ္မတူ-သီပေါ-ကျောက်မဲ ၅၃မိုင်ကို ၆၆ကေဗွီဓာတ်အားလိုင်းတစ်လိုင်း၊ နမ္မတူ-လားရှိုး ၂၃မိုင်ကို ၆၆ကေဗွီဓာတ်အားလိုင်းတစ်လိုင်း၊ ရွှေလီမှ နမ့်ခမ်း-မူဆယ် ၄၇မိုင်ကို ၆၆ကေဗွီ ဓာတ်အားလိုင်းတစ်လိုင်း၊ ရွှေလီမှ-ကွတ်ခိုင်မိုင် ၅၀ကို ၆၆ ကေဗွီဓာတ်အားလိုင်းတစ်လိုင်း၊ ရွှေလီမှ ဗန်းမော် ၄၆မိုင်ကို ၆၆ ကေဗွီဓာတ်အားလိုင်းတစ်လိုင်း၊ မူဆယ်မှကြူကုတ် ၁၂မိုင်ကို ၁၁ကေဗွီဓာတ်အားလိုင်းတစ်လိုင်း၊ ကွတ်ခိုင်မှ သိန္နီ ၁၈မိုင်ကို ၁၁ကေဗွီ ဓာတ်အားလိုင်းတစ်လိုင်းနှင့် စုစုပေါင်း ဓာတ်အားလိုင်းကိုးလိုင်း တည်ဆောက်သွားရန်လည်း စီစဉ်ထားသည်။

ထိုသို့ ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းဖြင့် မြန်မာနိုင်ငံတစ်ဝန်းမှ ဓာတ်အားလိုအပ်ချက်ကို မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံကြီးများမှတစ်ဆင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ခြင်း၊ မုံရွာကြေးနီမိုင်း မဂ္ဂါဝပ် ၆၀၊ နမ္မတူသတ္တုတွင်း မဂ္ဂါဝပ် ၄၀၊ သပိတ်ကျင်း နီကယ်မိုင်းသစ် မဂ္ဂါဝပ် ၁၀၀ နှင့် အထက်မြန်မာပြည်ရှိ စီမံကိန်းနှင့် စက်ရုံများသို့ ဓာတ်အားဖြန့်ဖြူးပေးခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိလာနိုင်ခြင်း၊ ကချင်ပြည်နယ် အရှေ့ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ နယ်စပ်ဒေသများသို့ ဓာတ်အားပို့လွှတ်ပေးနိုင်မည်ဖြစ်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေခြင်း စသော အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်သည်။

ရွှေလီရေအားလျှပ်စစ်စီမံကိန်းစက်ရုံကြီး တည်ဆောက်ပြီးစီးပါက ထုတ်လုပ်သောဓာတ်အားကို မန္တလေးဓာတ်အားခွဲရုံသို့ ကေဗွီ ၂၃၀ ဓာတ်အားလိုင်း တည်ဆောက်ဆက်သွယ်၍ လက်ရှိ မဟာဓာတ်အားလိုင်းစနစ်မှတစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းသို့ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးမည်။ ထို့အပြင် မန္တလေးဓာတ်အားခွဲရုံသို့ ရောက်ရှိလာမည့် ဓာတ်အားကို မုံရွာညောင်ပင်ကြီးသို့ ၁၃၂ကေဗွီဓာတ်အားလိုင်း တည်ဆောက်ဆက်သွယ်၍ ဓာတ်အားခကို နိုင်ငံခြားငွေဖြင့် ပေးချေလျက်ရှိသော အိုင်ပင်ဟိုးကုမ္ပဏီက ဆောင်ရွက်လျက်ရှိသော မုံရွာကြေးနီမိုင်း၏ ဓာတ်အားလိုအပ်ချက် မဂ္ဂါဝပ် ၆၀ အထိ တိုးချဲ့ဖြန့်ဖြူးမည်ဟု သိရသည်။

သားငါးဖွံ့ဖြိုး ဖြည့်အကျိုး

ရွှေလီရေအားလျှပ်စစ်စီမံကိန်းသို့ သွားရောက်ရန် နမ့်ခမ်း-ဗန်းမော်လမ်းဆုံမှ စီမံကိန်းစခန်းအထိ ၂၉မိုင်ကို တောတောင်များ ကျော်ဖြတ်၍ စက်ယန္တရားကြီးများဖြင့် အေးရှားဝေါလ်ကုမ္ပဏီက ဤသို့ ဖောက်လုပ်ပေးခဲ့သည်။

(ဓာတ်ပုံ-ခရမ်းစိုးမြင့်)

၎င်းအပြင် နမ္မတူတွင် ၂၃၀/၆၆/၁၁ ကေဗွီဓာတ်အားခွဲရုံ တည်ဆောက်၍ ရွှေလီဓာတ်အားပေးစက်ရုံမှ ရောက်ရှိလာမည့် ဓာတ်အားကို နမ္မတူသတ္တုတွင်း၊ သီပေါ၊ ကျောက်မဲ၊ လားရှိုး စသည့်မြို့များသို့ ၆၆ကေဗွီဓာတ်အားလိုင်းဖြင့် ဓာတ်အား ပို့လွှတ်မည်။ ၎င်းအပြင် ရွှေလီဓာတ်အားပေးစက်ရုံမှ ရှမ်းပြည်နယ်၏ နယ်စပ်ဒေသဖြစ်သော မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်နှင့် ကချင်ပြည်နယ် ဗန်းမော်သို့ လည်းကောင်း ၆၆ကေဗွီဓာတ်အားလိုင်းများဖြင့် ပို့လွှတ်ဖြန့်ဖြူးပြီး ကြူကုတ်သို့ မူဆယ်မှလည်းကောင်း၊ သိန္နီသို့ ကွတ်ခိုင်မှလည်းကောင်း ၁၁ကေဗွီဓာတ်အားလိုင်းဖြင့် ပို့လွှတ်ဖြန့်ဖြူးမည်ဟု သိရသည်။

၎င်းအပြင် သပိတ်ကျင်း နီကယ်မိုင်းသစ်လုပ်ငန်းဆောင်ရွက်ရန် အတည်ပြုပြီးပါက ရွှေလီဓာတ်အားပေးစက်ရုံမှ ကေဗွီ ၂၃၀ ဓာတ်အားလိုင်းဖြင့် မဂ္ဂါဝပ် ၁၀၀ ဓာတ်အားပေးရန် လျာထားသည်ဟုဆိုသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ကဏ္ဍအသီးသီးမှ လျှပ်စစ်ဓာတ်အားသည် အရေးပါသော အထောက်အကူပြု လိုအပ်ချက်တစ်ရပ်ဖြစ်ပေရာ နှစ်စဉ်တိုးတက်မြင့်မားလာမည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပြည့်မီနိုင်စေရေးအတွက် ရွှေလီရေအားလျှပ်စစ်စီမံကိန်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနသည် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါကြောင်းကို သတင်းစကားရေးသားတင်ပြလိုက်ရခြင်းဖြစ်ပါသည်။ (ကြေးမုံ)

တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် တရားစီရင်ရေးဆိုင်ရာကိစ္စများ မှာကြား

ရန်ကုန် ဇူလိုင် ၂၂

တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးသန်းဦးက ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ ခရိုင်နှင့် မြို့နယ်တရားရုံးများ၊ အထူးတရားရုံးများမှ တရားသူကြီးများ၊ ဦးစီးအရာရှိများ၊ ဒုတိယဦးစီးမှူးများနှင့် တွေ့ဆုံ၍ တရားစီရင်ရေးဆိုင်ရာ အမှာစကား ပြောကြားသည့် အခမ်းအနားကို ဇူလိုင် ၁၉ရက် မွန်းလွဲ ၂နာရီက ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ တရားရုံးခမ္မာရုံ၌ ကျင်းပသည်။

မှာကြား

အခမ်းအနားတွင် ဒုတိယတရားသူကြီးချုပ်မှ မှာကြားရာတွင် တရားသူကြီးများ စောင့်ထိန်းရမည့် ကျင့်ဝတ်၊ စည်းကမ်းများနှင့်အညီ လိုက်နာစောင့်ထိန်းရေး၊ အဂတိတရားကင်းရှင်း၍ အမှုအခင်းများကို ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် စီရင်ဆုံးဖြတ်ကြရေး၊ တရားရုံးစီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များတွင် ပိပြင်သွက်လက်ထက်မြက်စွာ ဆောင်ရွက်ကြရေးနှင့် နိုင်ငံ့ဝန်ထမ်းများ စောင့်ထိန်းအပ်သော ဝန်ထမ်းစည်းကမ်း၊ စည်းမျဉ်းများကို တိကျစွာ လိုက်နာစောင့်ထိန်းရေးနှင့် တရားရုံးအဆင့်ဆင့် ကြီးကြပ်ကွပ်ကဲရေးဆိုင်ရာ ကိစ္စရပ်များကို ပြောကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းအတွင်းရှိ တရားရုံးများ၏ တာဝန်ခံများဖြစ်ကြသည့် တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေး၊ ဦးမြင့်သိန်းနှင့် ဦးချစ်လွင်၊ တရားရုံးချုပ် ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်းအတွင်းရှိ တိုင်း၊ခရိုင်နှင့် မြို့နယ်အဆင့် တရားသူကြီးများ၊ ဦးစီးအရာရှိများ၊ ဒုတိယဦးစီးမှူးများ စုစုပေါင်း၂၀၄ဦး တက်ရောက်ကြောင်း သိရသည်။

(ကြေးမုံ)

ရွှေဘီးပျံ ဆိုင်ခွဲဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၂၂

ရွှေဘီးပျံ ခန်းဆီးကန့်လန့်ကာချုပ်လုပ်ငန်း စတုတ္ထမြောက် ဆိုင်ခွဲကို ယုဇနပလာဇာတွင် ထပ်မံဖွင့်လှစ်လိုက်ပြီး ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။ ရွှေဘီးပျံရုံးချုပ် အမှတ်(၂၁၆) ဗိုလ်အောင်ကျော်လမ်း တတိယထပ် ဗိုလ်တထောင်မြို့နယ် ဖုန်း-၂၅၅၄၅၁၊ ၂၅၄၃၀၆၊ ၂၅၄၃၀၃၊ ၀၉-၅၀-၁၉၈၆၃ နှင့် အရောင်းပြခန်း(၂) အမှတ်(၇၃) ဗိုလ်ချုပ်လမ်း မြေညီထပ် ၅၀နှင့် ၅၁လမ်းကြား ပုဇွန်တောင်မြို့နယ် ဖုန်း-၂၀၀၉၀၄၊ အရောင်းပြခန်း(၃) တိုက်(၁) စက်ရုံလမ်း မင်္ဂလာဈေးအနီး ကမ္ဘောဇဘဏ်အပေါ်ထပ် မင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း-၂၀၀၇၄၇၊ လိုင်းခွဲ-၇၀၇၄၊ အရောင်းပြခန်း(၄) J(1)၊ J(2) ယုဇနပလာဇာ တတိယထပ် ဖုန်း-၂၀၀၇၄၇၊ လိုင်းခွဲ-၄၈၈၆သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ကြောင်းသိရသည်။(က-ပ)

အင်တာနက် မိတ်ဆက်သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၂

IT ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF) မှ ကွန်ပျူတာနှင့် အင်တာနက် နည်းပညာတိုးတက်ရေး အစီအစဉ်အရ လှိုင်မြို့နယ်ရှိ MICT Park Myanmar-Japan e-Learning Center တွင် Introduction to Internet အင်တာနက် မိတ်ဆက်သင်တန်းကို ဇူလိုင်၂၈ရက်မှ ရက်သတ္တ နှစ်ပတ်ကြာ ပထမအကြိမ်နှင့် ဩဂုတ် ၁၁ရက်မှ ရက်သတ္တ နှစ်ပတ်ကြာ ဒုတိယအကြိမ် နှစ်ကြိမ် သင်ကြားပို့ချပေးမည်ဖြစ်သည်။ သင်တန်းတွင် Internet အသုံးပြု၍ e-mail World Wide Web တို့ကို လက်တွေ့ သုံးစွဲ သင်ကြားပေးမည်ဖြစ်သည်။

စိတ်ပါဝင်စားသူသည် လှိုင်မြို့နယ် MICT Park ရှိ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် (MCF) ရုံးခန်းတွင် လျှောက်လွှာတင်သွင်းနိုင်ပြီး အသေးစိတ်သိလိုပါက ဖုန်း-၇၀၇၅၀၃ နှင့် ၆၅၂၂၃၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

နိုင်ငံခြားဘာသာစကားပြော သင်တန်းများဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၂

Greatest Power Foreign Languages & Computer Training Center မှ ကြီးမှူး၍ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ အီတလျံ၊ စပိန်၊ တရုတ်၊ ဂျပန်၊ထိုင်း၊ကိုရီးယား၊ မလေး ဘာသာစကားပြော သင်တန်းများနှင့် လက်တွေ့အသုံးချကွန်ပျူတာသင်တန်းများကို ဩဂုတ်လဆန်းတွင် တန်းခွဲသစ်များ ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ Center-1 အမှတ်(၅) ပ-ထပ် ဖေယျာသီရိလမ်း လှည်းတန်း ကမာရွတ်မြို့နယ် ဖုန်း-၅၃၇၂၃၁ နှင့် Center-2 အမှတ်(၁၁၇) တ-ထပ် ဆိမ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၀၂၀၈ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန် အနောက်ပိုင်းခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း လီမိတက်၏ ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ဒါရိုက်တာအဖွဲ့သစ် ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ဇူလိုင် ၁၂ ရက်က အလုံမြို့နယ် မြို့နယ်ခန်းမတွင် ကျင်းပရာ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက အမှာစကား ပြောကြားစဉ်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၇-၂၀၀၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကတိပိဋကရေ၊ မွေဘဏ္ဍာဂါရိကဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက

၈:၁၀ ၆။ အတီးပြိုင်ပွဲ

၈:၂၀ ၇။ တေးဂီတအစီအစဉ်

၈:၃၀ ၈။ International News.

၈:၄၅ ၉။ Learning English The Easy and Happy Way for Children and Beginners.

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ Practice in Reading.

၄:၄၅ ၄။ တေးဂီတအစီအစဉ်

၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)

၅:၁၀ ၆။ သီချင်းကြီးပဒေသာ

၅:၂၅ ၇။ မြန်မာစာ မြန်မာစကား

၅:၄၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၅:၅၀ ၉။ နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

၆:၀၀ ၁၀။ တေးဂီတအစီအစဉ်

၆:၁၀ ၁၁။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်

၆:၂၀ ၁၂။ Discovery.

၆:၃၀ ၁၃။ ညနေခင်းသတင်း

၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၅။ မြန်မာ့လက်မှု အနုပညာ စဉ့်ထည်လုပ်ငန်း(နွယ်ငြိမ်းရွာ)

၇:၁၅ ၁၆။ တေးဂီတအစီအစဉ်

၇:၃၀ ၁၇။ ဝါဆိုခြင်းပွဲတော်

၈:၀၀ ၁၈။ ပြည်တွင်းသတင်း

၁၉။ နိုင်ငံတကာသတင်းများ

၂၀။ မိုးလေဝသအခြေအနေ

၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ သစ္စာ (အပိုင်း-၁၂)**

၂၂။ နောက်တစ်နေ့အစီအစဉ်

၂၃။ အစီအစဉ်ပြီး၏။



မြန်မာ့ရိုးရာတူရိယာပစ္စည်းများပြပွဲကျင်းပရေးကော်မတီ တတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မြန်မာ့ရိုးရာ တူရိယာပစ္စည်းများ ပြပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးညွန့် မြန်မာ့ရိုးရာ တူရိယာပစ္စည်းများပြပွဲ ကျင်းပရေး ကော်မတီ တတိယအကြိမ် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၂၂

ယဉ်ကျေးမှုဝန်ကြီးဌာန မြန်မာ့ရိုးရာတူရိယာပစ္စည်းများပြပွဲ ကျင်းပရေးကော်မတီ၏ တတိယအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန အမျိုးသားပြတိုက်ဘက်စုံ ခန်းမ၌ ကျင်းပရာ မြန်မာ့ရိုးရာတူရိယာပစ္စည်းများ ပြပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးညွန့်နှင့် ကျင်းပရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌနှင့် ဂီတပညာရှင်များ၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ၊ အစည်းအရုံးဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာ့ရိုးရာ တူရိယာ ပစ္စည်းများပြပွဲကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးစိုးညွန့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက်ပြပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး အမျိုးသားပြတိုက် ညွှန်ကြားရေးမှူး ဒေါ်နုမြဲက ပြပွဲ ကျင်းပရေးနှင့် စပ်လျဉ်း၍ လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြပွဲကျင်းပရေး ဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူ များက မိမိတို့ ဆပ်ကော်မတီများ အလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဂီတပညာရှင်များနှင့် သဘင်ပညာရှင်များက ပြပွဲဆိုင်ရာကိစ္စရပ်များ နှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ရှင်းလင်းတင်ပြချက် များနှင့် အကြံပြုချက်များအပေါ် ဆုံးဖြတ်ချက်များချမှတ်ကြပြီး ပြပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မြန်မာ့ရိုးရာတူရိယာပစ္စည်းများပြပွဲ ကို ဩဂုတ်လအတွင်း ရန်ကုန်မြို့၌ နှစ်ပတ်ကြာ ခင်းကျင်းပြသ သွားမည် ဖြစ်သည်။

(သတင်းစဉ်)

အတွင်းတိမ်အကြောင်း

ကျန်းမာရေးစာအုပ်ထုတ်ဝေ

ရန်ကုန် ဇူလိုင် ၂၂

မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာမင်းသိမ်း ရေးသားပြုစုသော "အတွင်းတိမ်အကြောင်း သိကောင်းစရာ" ကျန်းမာရေးပညာပေးစာအုပ်ကို ကေရာဇ်စာပေက ထုတ်ဝေဖြန့်ချိလိုက်သည်။ **(အပေါ်ပုံ)**

ယင်းစာအုပ်တွင်မျက်စိ၏ အခြေခံ ခန္ဓာဗေဒနှင့် ဇီဝကမ္မသဘောတရား များ၊ အတွင်းတိမ်ရောဂါလက္ခဏာများ၊ အတွင်းတိမ်ဖြစ်စေသည့် အကြောင်း ရင်းများနှင့် အတွင်းတိမ် အမျိုးအစား များကို ရေးသားဖော်ပြထားပြီး ရုပ်ပုံ ပေါင်း ၉၀ကျော်ဖြင့် ရှင်းလင်းဖော်ပြ ထားသည်။ ရွှေဘုံသာ အထူးကု ဆေးခန်း ၃၅၆ ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့ ဖုန်း-၂၄၂၅၇၇နှင့် အမြို့မြို့ အနယ်နယ်စာအုပ်ဆိုင်များတွင်တစ်အုပ် လျှင် ငွေကျပ် ၇၀၀ နှုန်းဖြင့် ဝယ်ယူ ရရှိနိုင်ကြောင်းသိရသည်။ (က-ပ)

ခုနစ်ရက်တရားစခန်း ဖွင့်လှစ်မည်

ရန်ကုန် ဇူလိုင် ၂၂

အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်ကကြီးမှူး၍ ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်သော (၅၁)ကြိမ်မြောက် ခုနစ်ရက် တရားစခန်းကို ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာအသင်းချုပ်အနီးရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဓမ္မာရုံနှင့် စက်မှုဓမ္မာရုံတို့၌ ဇူလိုင် ၂၈ရက် ညနေ ၆နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဖွင့်မည့်နေ့ညနေ ၄နာရီ အရောက် အမျိုးသားမှတ်ပုံတင်ယူဆောင်၍ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဓမ္မာရုံသို့ လာရောက်ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်းသိရသည်။ (က-ပ)

သုခါဝါသဓမ္မရိပ်သာ မိုးကုတ်ဝိပဿနာ ၁၀ ရက်တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၂

ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် သုခါဝါသဓမ္မရိပ်သာ မိုးကုတ် ဝိပဿနာအဖွဲ့ခွဲ (၁၈၁)တွင် (၄၆)ကြိမ်မြောက် ၁၀တရားစခန်းပွဲကို ဩဂုတ် ၇ရက်မှ ၁၆ရက်ထိ ကျင်းပမည်ဖြစ်သည်။

စခန်းပွဲတွင် အရှင်ဝိမေယျ (ဓမ္မာစရိယ) သာသနာ့သာစည်ကျောင်း ၁၂ ရပ်ကွက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မှ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ဝိပဿနာတရားတော်များ ဟောကြားပြသမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

၂၀၀၂-၂၀၀၃ ပညာသင်နှစ် အတွက် ထက်၊ လယ်၊ မူအဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ် ပေးအပ်ပွဲအခမ်းအနားကို ညောင်တုန်းမြို့ အထက(၁)၌ ဇူလိုင် ၅ရက်က ကျင်းပရာ ထူးချွန်ကျောင်းသူ မစုပုံချစ်အား ကျောင်းအုပ်ဆရာကြီး ဦးဖိလစ်သောင်းရွှေက လက်မှတ် ပေးအပ်စဉ်။

(က-ပ)

တည်နေရာပြမြေပုံ

ဆီဆိုင်မြို့နယ်အတွင်း ဖော်ထုတ်ရှင်းလင်းခဲ့သော ဘိန်းချက်စခန်း၏ တည်နေရာပြမြေပုံ။

(သတင်းစဉ်)



ဆီဆိုင်မြို့နယ်အတွင်း ဘိန်းချက်စခန်းတစ်ခုဖော်ထုတ် မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများဖမ်းဆီးရမိ

ရန်ကုန် ဇူလိုင် ၂၂

နယ်မြေခံတပ်မတော်သားများ၊ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၉ရက်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ် ဆိုက်ခေါင်ကျေးရွာအုပ်စု ပန်နောင်ကားကျေးရွာအနီး၌ ဘိန်းချက်စခန်းတစ်ခုရှိကြောင်း သတင်းအရ သွားရောက်ရှင်းလင်းစဉ် ဘိန်းချက်စခန်းအစောင့်ဖြစ်သူတစ်ဦးက လက်နက်ငယ်ဖြင့် စတင်ပစ်ခတ်ခုခံသဖြင့် ပူးပေါင်းအဖွဲ့က ပြန်လည်ပစ်ခတ်ရှင်းလင်းခဲ့ရာ အမည်စိစစ်ဆဲအလောင်းတစ်လောင်းအား ပစ္စတိုတစ်လက်၊ ၎င်းကျည်ကတ်တစ်ခု၊ ကျည် ၁၃တောင့်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ပတ်ဝန်းကျင်၌ အသေးစိတ်ထပ်မံရှင်းလင်းခဲ့ရာ ခန့်မှန်းမြေပုံညွှန်း(S-၀၁၆၆၅၆)မှ ဘိန်းချက်စခန်းတစ်ခုကို ဘိန်းချက်တဲခြောက်လုံး၊ ဘိန်းဖြူ ၂ ဒသမ ၃ ကီလို၊ အီသာ လီတာ ၉၀၊ အက်ဆစ်တစ်အင်ဟိုက်ဒြိုက်လီတာ ၉၀၀၊ ဟိုက်ဒြိုကလိုရစ်အက်ဆစ် ၂၂၅လီတာ၊ အက်ဆစ် ၄၇၂၅လီတာ၊ ဘိန်းချေး ၈ ဒသမ ၁၆၅ ကီလို၊ မူးယစ်ဆေးဝါး ချက်လုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းမျိုးစုံငါးမျိုး၊ လက်နက်ခဲယမ်း များနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ယင်းနောက် ပူးပေါင်းအဖွဲ့သည် သတင်းအရ ဘိန်းချက်စခန်းနေရာမှ နောင်တပန်ရွာသို့ ဆက်လက်သွားရောက်ပြီး ယင်းကျေးရွာနေ မမိုးလောင် ၃၅နှစ်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့ရာ အိမ်ရှင် မမိုးလောင်အား ဘိန်းစိမ်း ၁၀ ဒသမ ၅ကီလို၊ ဘိန်းညို ၇ ဒသမ ၇ကီလို၊ ငွေကျပ် ၄၉၅၀၀၀၀ တို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

အထက်ပါ ဖမ်းဆီးရမိတရားခံနှင့် မူးယစ်ဆေးဝါးများ၊ ဆက်စပ်ပစ္စည်းများကို သက်ဆိုင်ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ အရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

ချက်လုပ်ပြီး ဘိန်းဖြူ မှုန့်များအား ကတ်ထူပုံးဖြင့်ထည့်၍ တဲအတွင်း၌ သိမ်းဆည်းထားပုံ။

(သတင်းစဉ်)

ပူးပေါင်းအဖွဲ့မှ ဘိန်းဖြူမှုန့်များ သိမ်းဆည်းစဉ်။

(သတင်းစဉ်)

မြောက်တိုင်းလည်း မမြောက်နဲ့

နိုင်ငံတည်ငြိမ်အေးချမ်းမှုမှသည် ပေါင်းစည်းခြင်း၊ ညီညွတ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းပန်းတိုင်သို့

ဓာတ်ပုံ
မှတ်တမ်း

သွင်အေး (ကြေးမုံ)
လှိုင်မိုး–ရွှေအင်းသား
ရေချမ်းမြင့် နှင့်
သတင်းစဉ်

မကွေးတိုင်းအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအတွက် စိတ်အေးချမ်းမြေ့စွာ ခရီးသွားလာနိုင်မှု၊ ကူးသန်းရောင်းဝယ်ရေး တိုးတက်ဖြစ်ထွန်းမှု၊ စီးပွားရေး၊ လူမှုရေးဘက်စုံဖွံ့ဖြိုးမှု အကျိုးရလဒ်ကောင်းများကိုရရှိစေမည့် အေးရှားဝေါလ်ကုမ္ပဏီလီမိတက်က တာဝန်ယူဆောက်လုပ်ခဲ့သည့် မကွေးလေဆိပ်အဆောက်အအုံကို ဤသို့တွေ့ရသည်။ *(ဓာတ်ပုံမှတ်တမ်း–သတင်းစဉ်)*

မမြ ရေလှောင်တမံ တည်ဆောက်

မြစ်ဝကျွန်းပေါ် ဒေသ ဧရာဝတီတိုင်းတွင် နွေရာသီတွင် ပူပြင်းခြောက်သွေ့သော ရာသီဥတုကြောင့် စိုက်ပျိုးရေ အခက်အခဲ ရှိသောကြောင့် မြန်အောင် မြို့နယ်တွင် မမြ ရေလှောင်တမံကို ဆည်မြောင်း ဦးစီးဌာနက တည်ဆောက်လျက်ရှိရာ လယ်မြေ ဧက ၁၀၀၀၀ ကို ရေပေးဝေနိုင်မည် ဖြစ်သည်။ (ယာပုံ)

(မိုးအခါတွင် မမြချောင်း၏ ရေကြီးခြင်းကြောင့် ရေကြီးနစ်မြုပ်ခြင်းကို ကြုံတွေ့ရခြင်းကိုလည်း မမြချောင်း ရေလှောင်တမံ တည်ဆောက်ပေးခြင်းဖြင့် ကာကွယ်နိုင်မည် ဖြစ်သည်။) *(ဓာတ်ပုံမှတ်တမ်း–လှိုင်မိုး–ရွှေအင်းသား)*

ပုံညာတောင်ဥမင်

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထား အင်ဂျင်နီယာများက အောင်မြင်စွာဖောက်လုပ်လိုက်သော ပေ ၅၆၁၀ အရှည်ရှိသည့် ပုံညာတောင် ဥမင်ရထားလမ်း လုပ်ငန်းခွင် အရှေ့ဘက်အပိုင်းကို တွေ့ရစဉ်။ (အဆိုပါ ဥမင်ရထားလမ်းသည် ချောင်းဦး–ပခုက္ကူ–ဂန့်ဂေါ–ကလေး ရထားလမ်းတွင် ပါဝင်သည်။ ရေမျက်နီ–ကျော အပိုင်း ပေပေါင်း ၃၂၅၀ မြင့်သည့် ပုံညာတောင်တန်းကြီးကို ဥမင်တူး၍ ဖောက်လုပ်ခဲ့သော ရထားလမ်းဖြစ်သည်။ ယခုအခါ အဆိုပါ ဥမင်ကြီးမှာအရှေ့အနောက်တိုးလျှိုပေါက် ပေါက်သွားပြီဖြစ်၍ အတွင်းပိုင်း အချောသပ်ခြင်း ဥမင်အတွင်း သံလမ်းခင်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။)

(ဓာတ်ပုံမှတ်တမ်း–ရေချမ်းမြင့်)

တမံ တည်ဆောက်ရေး လျှပ်စစ်ဓာတ်အား

ချောက်မြို့ ဓာတ်အားပေးစက်ရုံမှ ပို့လွှတ်ပေးသည့် လျှပ်စစ် ဓာတ်အားများကို မုန်းချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် အသုံးပြု၍ လုပ်ငန်း အချိန်မီပြီးစီးရေး အတွက် လျှပ်စစ်ဓာတ်အား ဆက်သွယ် ထားရှိသည်ကို ဤသို့တွေ့ရသည်။ (ဝဲပုံ)

(ဓာတ်ပုံမှတ်တမ်း–သွင်အေး–ကြေးမုံ)

ဆူးလေအဘိဓမ္မာ စာတော်ပြန်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၂

လာမည့် ဩဂုတ် ၉၊ ၁၀၊ ၁၁ ရက်များတွင် ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီးရှိ အဘိဓမ္မာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည့် ရန်ကုန်မြို့ ဆူးလေစေတီတော် အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၃၆)ကြိမ်မြောက် အဘိဓမ္မာခုနစ်ကျမ်း ပါဠိတော်အာဂုံနှင့် သဘောရေးဖြေ စာတော်ပြန်ပွဲကြီးသို့ ဝင်ရောက်ဖြေဆိုရန် သံဃာတော်အပါး ၁၂၀၊ သီလရှင် ၁၃၃ ပါးနှင့် လူပုဂ္ဂိုလ် ၄၀ ဦး စာရင်းတင်သွင်းထားသည်။

ဖိတ်ကြား

စာပြန်ပွဲကြီးကြပ်မည့် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ စာစစ်ဆရာတော်များနှင့် စာဖြေပုဂ္ဂိုလ်များအတွက် လှူဒါန်းလိုသူ အလှူရှင်များသည် အသင်းကြီး၏ အကျိုးဆောင်ချုပ် ဦးမျိုးခင် ဖုန်း-၂၅၁၂၅၃၊ ဘဏ္ဍာရေးမှူး ဒေါ်အေးကြော့ ဖုန်း-၃၇၇၄၀၈၊ ရုံးအဖွဲ့မှူး ဒေါ်မေရီသက် ဖုန်း-၃၇၈၄၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ အသင်းသူ၊ အသင်းသားများသည် ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ စာပြန်ပွဲသို့ ကြွရောက်ချီးမြှင့်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၅၁) ထုတ်ဝေဖြန့်ချိ



ရန်ကုန် ဇူလိုင် ၂၂

ပြန်ကြားရေး ဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသည့် နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း အမှတ်(၅၁)ကို ထုတ်ဝေဖြန့်ချိထားသည်။ **(ယာပုံ)**

ကြည်အောင် (ကေတုမတီ)၊ မြင်းမူမောင်နိုင်မိုး၊ ဇော်မင်းမင်းဦး၊ အောင်လှထွန်း(ရွှေတိုင်)၊ မောင်ကြင်နွယ်၊ တင့်ထွန်း(ချောက်)၊ လွင်သက်မောင်၊ တိုးဝေ၊ မောင်မြတ်မွန် (ညောင်ရွှေ)၊ အောင်ထက်အေး (ဥပဒေ)၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ ပိုနေမြဲ (ဝက်လက်)တို့၏ ကဗျာများ၊ စောမုံညင်း၊ မကြန်၊ ပခုက္ကူဦးအုံးဖေ၊ ဒေါက်တာမတင်ဝင်း၊ မြင့်သိန်းအောင်၊ ချစ်နိုင် (စိတ်ပညာ)၊ ဦးဗကလေး၊ ပီကျော်ဟန်၊ မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၊ ရွှေဥဩ၊ ပန်းရော(ရှောပြာ)၊ မိုးထက်မောင်မောင်၊ သူရိန်ဝင်း(ဇီးကုန်း)၊ ရွှေဟသာ်(မန္တလေး)၊ မောင်မြင့်မိုရ်၊ တင်သန်းဝင်း၊ တက္ကသိုလ် မြမဥ္ဇူ၊ ခင်ဂွမ်းဂွီ၊ ရွှေညာမောင်မောင်၊ မြသန္တာ၊ ရွှေရိုး(မန္တလေး)၊ မှူးစိုး၊ ချစ်မောင် (ပခုက္ကူ)၊ ယမုံသက်လယ်တို့၏ ဆောင်းပါးများ၊ ပါရဂူ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ ယုဝတီခင်ဦး၊ ဝါဝါ (အင်းစိန်)၊ မြင့်ဇော်မြင့်၊ သုခထွေး၊ ယဉ်မွေးပန်း၊ ချမ်းမြေ့အောင်၊ ငယ်နုသွေး၊ ခင်မေသိန်း (ပျော်ဘွယ်)တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များ၊ ချစ်စံဝင်း၏ ပြဇာတ်တို့အပြင် ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ နီတိ၊ တောခလေ့ စာပန်းချီ၊ ကာတွန်း၊ ဟာသကဏ္ဍ စုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည် စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန် စာအုပ်ဆိုင်၊ ဆင်တောင်ကြီး၊ပညာရွှေတောင်၊ပတ္တမြားငမောက်၊ တင်စိုး၊ လမင်းအိမ်၊ ဝါမိုးအောင်၊ အမေ့အိမ်၊ မန္တလေးမြို့ ထွန်းဦး၊ နဂါး၊ ရဲရင့်စာပေ၊ ပြည်မြို့ အောင်နိုင်၊ သုခ၊ မကွေးမြို့ အောင်ဖြိုး၊ကလောမြို့ ပြည်သူ့အလင်းစာနယ်ဇင်း၊ တောင်ကြီးမြို့ မီလုံနာစာပေ၊ မော်လမြိုင်မြို့ ကျော်ကျော်စာပေ၊ ပျဉ်းမနားမြို့ သရဖူစာပေ၊ ပဲခူးမြို့ သဇင်စာပေ၊ လားရှိုးမြို့ ရန်ကြီးအောင်၊ ဝင်းနိုင်စာပေ၊ ဟဲဟိုးမြို့ အရှေ့ကုန်းမြင့်စာပေ၊ ရွှေဘိုမြို့ နံ့သာသစ် စာပေ၊ မအူပင်မြို့ ငွေပဒေသာထီဆိုင်နှင့် ကွမ်းလုံ၊ တန့်ယန်း၊ မူဆယ်မြို့နယ်များရှိ စာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံးများ၌ ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၀၃ခုနှစ် ပထမလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၈ရက်က ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဘာသာစကား သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၂

USE Foreign Language Centre မှ ဆရာမဒေါ်သန်းသန်းဝင်းက ကိုရီးယားဘာသာစကား အခြေခံ၊ တန်းမြင့်စကားပြော စသည့်တန်းခွဲအသီးသီးကို ဇူလိုင်လဆန်းမှစ၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ဆက်သွယ်

ကိုရီးယားဘာသာ သီးသန့်စကားပြောသင်တန်းကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ စိတ်ပါဝင်စားသူများ USE Foreign Language Centre အခန်း(၅၉) မြို့ပြတိုက်(၁) အင်းစိန်လမ်း လှည်းတန်းမီးပွိုင့်အနီးသို့ တိုက်ရိုက် ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

စာသင်တိုက်များသို့ ဗလာစာအုပ်များလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၂

၁၉၉၄ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းခဲ့သည့် အစဉ်အလာအတိုင်း နာယကဆရာတော်များဖြစ်ကြသော ပြည်မြို့ သီတာရုံဆရာတော် ဘဒ္ဒန္တကောဝိဒ၊ သာကေတ အဘယာရာမဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဓမ္မာစရိယ ဘဒ္ဒန္တသောဘဏ၊ မန္တလေးအနောက်ခင်မကန်တိုက် စည်သာကျောင်းဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဓမ္မာစရိယ ဘဒ္ဒန္တနာရဒနှင့် ဆရာကြီး ဦးစန်းမောင်(ဇီဝဖလ) ဦးစီးသော သာသနမာမက ဓမ္မရက္ခိတ အကျိုးဆောင် အလှူရှင်များနှင့် ရန်ကုန်တိုင်း စစ်ဌာနချုပ်တို့က ဩဂုတ် ၂ ရက်မှစ၍ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်းရှိ စာသင်တိုက်ကြီးများသို့ ဗလာစာအုပ် ငါးသောင်းကျော်ကို ဒသမအကြိမ် လှူဒါန်းသွားမည်ဟု သိရသည်။ (က-ပ)

➥ ခရီးသွားရှုစားသည်များမှ

ထို့အတူ ကမ်းရိုးတန်းဒေသတစ်ခုဖြစ်ပြီး ကျွန်းစုများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသောကြောင့် ရှည်လျားသောပင်လယ်ပြာပြာ၊ ကျောက်ဆောင်ကျောက်တန်း အသွယ်သွယ်၊ သဲသောင်ဖွေးဖွေးတို့ဖြင့် လှပဆန်းကြယ်စွာ တည်ရှိနေသော တနင်္သာရီတိုင်း ထားဝယ်ခရိုင်မှ မောင်းမကန်ကမ်းခြေသည်လည်း ထင်ရှားသော အပန်းဖြေစခန်းများတွင် တစ်ခုအပါအဝင်ဖြစ်သည်။

လျှာထား

မောင်းမကန် ကမ်းခြေသည် တနင်္သာရီတိုင်း ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် မောင်းမကန်ကျေးရွာတွင်တည်ရှိ၍ ထားဝယ်မြို့မှ မောင်းမကန်ကမ်းခြေအထိ ၁၁မိုင် ကွာဝေးသည်။

ဆက်စပ်တည်ရှိ

ကမ်းခြေတည်ရှိသည့် မောင်းမကန်ကျေးရွာနှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာများမှာ ပန်းတင်အင်းကျေးရွာ၊ တောရှည်ကျေးရွာ၊ ကျောက်ဆင်ကျေးရွာအုပ်စုအတွင်းရှိ ကျောက်ဆင်၊ ပြင်ကြီး၊ ကရင်ကြီး၊ ကမ်းပနီနှင့် ထားဝယ်-မောင်းမကန်၊ လမ်းဘေး ဝဲယာတစ်လျှောက်တွင် ကမြောကင်းကျေးရွာအုပ်စု၊ စခန်းကြီးကျေးရွာအုပ်စုများ ဆက်စပ်တည်ရှိလျက်ရှိသည်။

မောင်းမကန်ကမ်းခြေ သမိုင်းနှင့် ပတ်သက်၍အလောင်းစည်သူမင်းတရားကြီး တိုင်းခန်းလှည့်လည်စဉ် မောင်းမများနှင့် ရေကစားပျော်ပါးခဲ့သည့် ကမ်းခြေဖြစ်သည့်အတွက်မောင်းမကန်ကမ်းခြေဟု သမိုင်းမှတ်တမ်းများက ဆိုထားသည်။ ကျောက်ဆင်ကျေးရွာအုပ်စု ကမ်းပနီရွာတွင်လည်း အလောင်းစည်သူမင်းကြီး ဖောင်ဖြင့်ပြန်လည်ထွက်ခွာစဉ် မောင်းမတစ်ဦး မျှော်၍ ကျန်ရစ်ခဲ့သောနေရာတွင် မျှော်ရစ်ဘုရားဟူ၍ သမိုင်းဝင်တည်ရှိသည်။

လမ်းပန်းဆက်သွယ်ရေးအနေဖြင့် မောင်းမကန်ကမ်းခြေသို့ ထားဝယ်မြို့မှ ၁၁မိုင် ကတ္တရာလမ်းအဖြစ် ဆက်သွယ်ထားသည်။ တည်းခိုရိပ်သာထိ ပေ၃၉၀၀ရှိသည်။

ထို့အတူ မောင်းမကန်မှ ရေပူစမ်းသို့ ကတ္တရာလမ်း ပေ၄၀၀၀ရှိသည်။ ရာသီမရွေးသွားလာနိုင်သော လမ်းဖြစ်သည်။

သဲသောင်မြေ

မောင်းမကန်ကမ်းခြေ သဲသောင်မြေသည် ရေထရက် ရေစစ်ချိန်တွင် ပေပေါင်း ၂၀၀၀ခန့် သဲသောင်ပေါ်ပြီး ရေသေရက်တွင် ပေ ၁၀၀၀ခန့်ရှိသည်။ ကမ်းခြေရေနက်မှု အနေအထားသည် ရေစပ်မှပေပေါင်း ၁၀၀၀အထိ ရေအနက် ငါးပေသာရှိပြီး ဆင်ခြေလျှောခြောက်လက်မခန့် နိမ့်ဆင်းမှုရှိသည်။

မောင်းမကန် ကမ်းခြေတစ်ဝိုက်ကျေးရွာများသည် ရေလုပ်သားအများအပြား နေထိုင်ကြပြီး ပင်လယ်ပြင်မှ ထွက်ရှိသော ရေထွက်ကုန်ပစ္စည်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိသည်။ ရေငန်ပုစွန်မွေးမြူရေးကန်နှင့် ကျောက်ပုစွန်မွေးမြူရေးလုပ်ငန်းများရှိသည်။

၎င်းအပြင်ထားဝယ်မြို့(လောင်းလုံး)တွင် အပြည်ပြည်ဆိုင်ရာရေလုပ်ငန်း (တနင်္သာရီ) ငါးမှုန့်ကြိတ် စက်ရုံတည်ရှိပြီး ကုန်ချောများ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။

သဘာဝပစ္စည်း

ပင်လယ်ပြင်ထွက်ပစ္စည်းများဖြစ်သည့် ကနုကမာခရုအကြီး၊ ခရုအသေးများကို လူသုံးကုန်ပစ္စည်းများအဖြစ် ဆေးလိပ်ခွက်၊ ဆွဲကြိုး၊ ပန်းပင်လေးများ၊ ကလေးကစားစရာ အရုပ်ကလေးများကို မြန်မာလက်မှုပညာ ပြောင်မြောက်စွာ ပြုလုပ်ထားသည်မှာ ကမ္ဘာလှည့်ခရီးသွားများ စွဲမက်နှစ်ခြိုက်စေသည့် မောင်းမကန်ပင်လယ်ပြာ၏ သဘာဝပစ္စည်းများဖြစ်သည်။

ပင်ကိုအလှ

သဘာဝအလှအပများ စုဝေးရာ မောင်းမကန်ကမ်းခြေသည် သဘာဝမှ ပေးအပ်ထားသည့် ပင်လယ်ပြာနှင့် စိမ်းညို့နေသော သစ်တောများသည် ပြည်ပခရီးသွား ဧည့်သည်များအား ဖမ်းညို့ဆွဲဆောင်နေသည်မှာ မြန်မာနိုင်ငံ၏ ပင်ကိုအလှများပင် ဖြစ်ပေသည်။ ။ (ကြေးမုံ)

ဆရာဝန်များ စောင့်ထိန်းရမည့် ကျင့်ဝတ်များဆိုင်ရာ ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၂

မြန်မာနိုင်ငံ ဆေးကောင်စီက ကြီးမှူး၍ ဆရာဝန်များ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များဆိုင်ရာ ဆွေးနွေးပွဲ (Seminor on Medical Ethics for Medical Profession)ကို ဇူလိုင် ၂၆ရက် (စနေနေ့) နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၂၄၉) သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသည့် ဆရာဝန်များ တက်ရောက်နိုင်သည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန စစ်တုရင်ပြိုင်ပွဲဆုပေးအပ်

ရန်ကုန် ဇူလိုင် ၂၂

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးတံခွန်စိုက်ဒိုင်း (၁၄)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စစ်တုရင်ပြိုင်ပွဲဆုပေးပွဲကို ဇူလိုင် ၁၅ရက် မွန်းလွဲ ၂နာရီက အင်းစိန်မြို့ အကျဉ်းဦးစီးဌာန (ရုံးချုပ်)၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ ရဲချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်မှတာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။ ပြိုင်ပွဲတွင် ပထမဆုရ အကျဉ်းဦးစီးဌာန (က)အသင်း၊ ဒုတိယဆုရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(က)အသင်း၊ တတိယဆုရ အကျဉ်းဦးစီးဌာန(ခ)အသင်းနှင့် အကောင်းဆုံး ကစားခုံဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။ (ကြေးမုံ)

မြေလျှောင်လျှပ်ရှား

ရန်ကုန် ဇူလိုင် ၂၂

၂၀၀၃ခုနှစ် ဇူလိုင် ၂၁ရက်နေ့ မြန်မာစံတော်ချိန် ၂၁နာရီ ၅၁မိနစ် ၅၂စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေလျှောင်စခန်း၏ အရှေ့မြောက်ဘက် ၆၈၈မိုင်ခန့် ကွာဝေးသောနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ၉အဆင့်ရှိ အင်အား အသင့်အတင့်ရှိသော မြေလျှောင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် အမေနေ့ဖြစ်မြောက်ရေးကော်မတီအတွက် လှိုင်ဆမ်ဆစ်စာပေ ဖုန်း-၀၁-၂၂၅၇၀၂က စီစဉ်ထုတ်ဝေသည့် မောင်စိန်ဝင်း (ပုတီးကုန်း)၏ ကျွန်တော်ရဲ့ကမ်း (ဝတ္ထုတို)နှင့် အကြွေပန်းပေမယ့် ရွှေနန်းတော့ထိုက်ချင်တယ် ဝတ္ထုစာအုပ်မျက်နှာဖုံး။ (က-ပ)

အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲဆက်

ရန်ကုန် ဇူလိုင် ၂၂

မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၃ခုနှစ် အမျိုးသား တံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ ကျိုက္ကဆံ ဘတ်စကက်ဘော အားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။

အမျိုးသားပြိုင်ပွဲတွင် လယ်ယာ/ဆည်မြောင်းအသင်းက အမှတ်(၁)စက်မှုအသင်းကို ၇၂မှတ်၊ ၅၄မှတ်ဖြင့် နိုင်ပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက ပြည်ထဲရေးအသင်းကို ၆၈မှတ်၊၅၈မှတ်ဖြင့် အနိုင်ရရှိသွားသည်။

အမျိုးသမီး ပတ်လည်ပြိုင်ပွဲတွင် လယ်ယာ/ဆည်မြောင်း အသင်းက ရန်ကုန်တိုင်းအသင်းကို ၁၀၆မှတ်၊ ၅၈မှတ်ဖြင့် အနိုင်ရရှိသွားသည်။

အမျိုးသား အသက်(၁၈)နှစ်အောက်ပြိုင်ပွဲတွင် ဗဟန်း(၂)အသင်းက Phoenix အသင်းကို ၂၀မှတ်၊ သုညမှတ်ဖြင့် အနိုင်ရရှိသွားသည်။

အမျိုးသားပြိုင်ပွဲတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တို့သည် လည်းကောင်း၊ အမှတ်(၁)စက်မှုအသင်းနှင့်ရဲဒိုးအသင်းတို့သည်လည်းကောင်း၊ အမျိုးသမီးပတ်လည်ပြိုင်ပွဲတွင် လယ်ယာ/ဆည်မြောင်းနှင့် စက်မှု(ကြွေ/ မြေ-က)တို့သည်လည်းကောင်း၊ အမျိုးသား အသက်(၁၈)နှစ်အောက် ပြိုင်ပွဲတွင် L.S.K နှင့် ဗဟန်း(၂)တို့သည် လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (ကြေးမုံ)

✻ ခြောက်တိုင်းလည်း မကြောက်နဲ့

ဗဟန်းမြို့နယ်
ကျောက်တန်း သီလရှင်ပရိယတ္တိစာသင်တိုက် ပဓာနသီလရှင် ဆရာကြီး ဒေါ်ကုသလ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ် သက်တော်(၉၁)နှစ်၊ ဝါတော်(၇၂)ဝါ



သီလရှင်ဆရာကြီး ဒေါ်ကုသလသည် ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ခနောင်အရှေ့ကျေးရွာ ခမည်းတော် ဦးပန်းခံ၊ မယ်တော်ဒေါ်ရွှေနှစ်တို့မှ ၁၂၇၄ခုနှစ်၊ နတ်တော်လဆန်း ၁၅ရက်၊ တနင်္လာနေ့ ည ၁၁နာရီအချိန်တွင် ဖွားမြင်ခဲ့ပါသည်။

ဆရာကြီးဒေါ်ကုသလသည် ၁၂၈၄ ခုနှစ်၊ နယုန်လဆန်း ၅ရက်နေ့၌ ကျောက်တန်းမြို့နယ် သိမ်ကုန်းကျောင်းတိုက် ဆရာတော် ဦးစန္ဒိမာဘိဝံသ(ကမ္မဋ္ဌာနာစရိယ)ကို ဥပဇ္ဈာယ်ပြု၍ ဆရာကြီး ဒေါ်ဂုဏဝတီ၊ ဆရာလေး ဒေါ်ဉာဏဝတီတို့ထံ၌ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သာသနာနွယ်ဝင် သီလရှင်အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာကြီးဒေါ်ကုသလသည် ရန်ကုန်မြို့ ဗဟန်း(၁)လမ်း၊ ဒေါ်ပညာရီကျောင်းတိုက်၌ စာချဆရာကြီးများဖြစ်ကြသော ဒေါ်ဝံသီ၊ ဒေါ်မေဓာရီ၊ ဒေါ်သီလဝတီနှင့် ဆရာဦးမောင်ကြီး(သကျသီဟဓမ္မာစရိယ)တို့ထံ၌ ပရိယတ္တိ စာပေများကို သင်ကြားဆည်းပူးခဲ့ပြီး ကျမ်းကြီးပေါက်တတ်မြောက်အောင် သင်ယူခဲ့ပါသည်။ ဆရာကြီးသည် သိမ်ကုန်းကမ္မဋ္ဌာန်းကျောင်းတိုက်၌ ပဋိပတ္တိတရားများကို ငါးနှစ်တိုင်တိုင် အားထုတ်ခဲ့ပါသည်။

ဆရာကြီး ဒေါ်ကုသလသည် ဗဟန်း(၁)လမ်း၊ ဒေါ်ပညာရီကျောင်းတိုက်နှင့် ဒေါ်မေဓာရီကျောင်းတိုက်တို့၌ သီလရှင်တပည့် ၆၅ပါးတို့အား နှစ်ပေါင်း ၃၀ကျော်တိုင်အောင် ပရိယတ္တိစာပေများကို သင်ကြားပို့ချခဲ့ပါသည်။ ထို့နောက် ဗဟန်း(၁)လမ်း ဒေါ်ကုသလ သီလရှင်စာသင်တိုက် (ကျောက်တန်း)တွင် တပည့်သီလရှင်အပါး ၆၀ကျော်တို့အား စာပေပို့ချလာခဲ့ရာ ပထမငယ်တန်းအောင် သီလရှင်အပါး ၃၀ကျော်၊ ပထမလတ်တန်းအောင် သီလရှင်အပါး ၁၅ပါး၊ ပထမကြီးတန်းအောင် သီလရှင် ၁၀ပါး၊ ဓမ္မာစရိယ စာချတန်းအောင် သီလရှင်တစ်ပါးတို့ ပေါ်ထွန်းခဲ့ပါသည်။

ဤသို့ ပရိယတ္တိစာပေများကို သင်ကြားပို့ချတော်မူသော ဆရာကြီးဒေါ်ကုသလအား ၁၃၅၅ (၁၉၉၄)ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို လှူဒါန်းအပ်နှင်းခဲ့သည်။

သီလရှင်ဆရာကြီး ဒေါ်ကုသလသည် သက်တော်(၉၁)နှစ်၊ ဝါတော်(၇၂)ဝါတွင် ၁၃၆၅ခုနှစ် ဝါဆိုလပြည့်ကျော် ၉ရက်(၂၂-၇-၂၀၀၃)အင်္ဂါနေ့၊ နံနက် ၈နာရီ မိနစ် ၃၀အချိန်တွင် ကွယ်လွန်ခဲ့ပါသည်။ (သတင်းစဉ်)

မာမီးကြာဆံ ကံစမ်းမဲဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၂

မြန်မာ မာမီးဒါဘယ်ဒက်ကာ လီမိတက် (Myanmar Mamee Double Decker Ltd.)၏ မာမီးကြာဆံ ကံစမ်းမဲ ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၂ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ ယုဇနဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ မာမီးဒါဘယ်ဒက်ကာလီမိတက် အထွေထွေမန်နေဂျာ Mr Ng Kim Seck က နှုတ်ခွန်းဆက်စကား ပြောကြားပြီး Sales Executive ဦးမင်းဦးက မာမီးကြာဆံ ကံစမ်းမဲဖွင့်ပွဲဆုပေးမည့် အစီအစဉ်နှင့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားကာ နှစ်သိမ့်ဆု ၂၀၀နှင့် ဆုကြီးခြောက်ဆုတို့ကို အထူးဖိတ်ကြားထားသူများနှင့် မာမီးဒါဘယ်ဒက်ကာလီမိတက်အထွေထွေမန်နေဂျာတို့က ကံစမ်းမဲစနစ်ဖြင့် ရွေးချယ်ပေးကြသည်။

မာမီးကြာဆံ ကံစမ်းမဲအစီအစဉ်တွင် ပထမဆုအဖြစ် ၂၉လက်မ တိုရှီဘာတယ်လီဗီးရှင်းပြစက်တစ်လုံး၊ ဒုတိယဆုအဖြစ် ၂၁လက်မSamsung တယ်လီဗီးရှင်းပြစက်တစ်လုံး၊ တတိယဆုအဖြစ် Samsung ရေခဲသေတ္တာတစ်လုံး၊ စတုတ္ထဆုအဖြစ် Samsung အဝတ်လျှော်စက်တစ်လုံး၊ ပဉ္စမဆုအဖြစ် Samsung VCDစက်တစ်လုံးနှင့် ဆဋ္ဌမဆုအဖြစ် Masterရေဒီယိုကက်ဆက်တစ်လုံးဖြစ်ပြီး၊ အထူးဆု ၂၀၀မှာ တီရှပ်များဖြစ်သည်။(က-ပ)

ဘုရင့်နောင်ဈေးကြီး ဈေးသာယာရေးကော်မတီဖွဲ့စည်း

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အတွင်းရှိ ဘုရင့်နောင်ဈေးကြီး၏ ဈေးသာယာရေးကော်မတီအသစ်ဖွဲ့စည်းခြင်းနှင့် စည်ပင်သာယာရေးကော်မတီ မြောက်ပိုင်းခရိုင်မှူး ဦးထွန်းနိုင်၏ သြဝါဒခံယူပွဲကို ယမန်နေ့မွန်းလွဲ ၁၁နာရီက ဘုရင့်နောင်ဈေးကြီး၏ ဈေးတာဝန်ခံ ရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဈေးသာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်ထွန်းပါ အလုပ်အမှုဆောင်ကော်မတီဝင် ၂၇ဦးတို့အား လုံခြုံရေးနှင့် မီးဘေးကာကွယ်ရေး၊ စီမံရေးနှင့် ဘဏ္ဍာရေး၊ သန့်ရှင်းရေး၊ လျှပ်စစ်၊ ယာဉ်ရပ်နားစခန်းနှင့် သန့်စင်ခန်း၊ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး၊ စည်းကမ်းထိန်းသိမ်းရေးစသည့် ဆပ်ကော်မတီခုနစ်ရပ်ဖြင့် တာဝန်ပေးအပ်လိုက်သည်။

(၆၂)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၇-၂၀၀၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၅	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅	၆။ မျိုးချစ်တပ်မတော်
၄:၄၅	၇။ ကျန်းမာခြင်းသည်နိုင်ငံ့ခွန်အား
၄:၅၅	၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၅	၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က) ဒုတိယနှစ်(အင်္ဂလိပ်စာ) (ခ) ဒုတိယနှစ် (မြန်မာစာ)
၅:၃၅	၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသအခြေအနေ
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	**၁၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း အဖြူရောင်လွင်ပြင် (အပိုင်း-၂၀)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိမော်ကွန်း "ပဉ္စမဆယ်စုနှစ်" (အပိုင်း-၃)
	၂၂။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း မုန်တိုင်းကြားကမြစ်တစ်စင်း (အပိုင်း-၈)
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

အဆင့်မြင့်စီးပွားရေးပညာ သင်တန်းမျိုးစုံ ဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၂

ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများနှင့် ကုမ္ပဏီလုပ်ငန်းများ ပိုမိုစနစ်ကျ ထိရောက်အောင်မြင်စွာ လုပ်ဆောင်နိုင်စေရန်ရည်ရွယ်ချက်ဖြင့် မြန်မာ့လူ့စွမ်းအားအရင်းအမြစ် ကုမ္ပဏီမှ Basic Business Management Training၊ Financial Management Training၊ Human Resource Management Training သင်တန်းများကို ဩဂုတ် ပထမပတ်မှစပြီး ရုံးချိန်၊ ကျောင်းချိန်ပြင်ပတွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

MBA/DMAအချိန်ပြည့်သင်တန်းများ တက်ရောက်ရန် မအားလပ်သည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုမ္ပဏီဝန်ထမ်းများ၊ ကုမ္ပဏီလုပ်ငန်းခွင်သို့ ကူးပြောင်းလိုသူ ဌာနဆိုင်ရာရုံးဝန်ထမ်းများ၊ အလုပ်စတင်ဝင်ရောက်တော့မည့် ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ရများ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများနှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ တက်ရောက်နိုင်သည်။ လူဦးရေကန့်သတ်ထားသဖြင့် MHR၊ အခန်းအမှတ်(၉၀၅)၊ ကိုးလွှာ၊ အဆင့်မြင့်သံဈေး ကွန်ဒို၊ လမ်းမတော် ဖုန်း-၇၀၇၈၂၂သို့ အမြန်ဆုံးစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)



မွေးနေ့ဆုမွန်

Myo Yar Zar

B.A(Hons) Business Administration
(Coventry University,U.K)
B.E(Civil)(YTU,Myanmar),
IDCS(U.K),DSEL. DPRM,DBS,DMP(U.K),
ADBA,DBA II, DBA I(U.K),
Associate Member of ABE(U.K)

ခေတ္တ(U.K)ရောက်သားကြီး ကိုမျိုးရာဇာ၏ ၂၃-၇-၂၀၀၃ရက်တွင် ကျရောက်သော (၂၇)နှစ်မြောက်မွေးနေ့မှသည် အောင်မြင်မှုသရဖူများကို ဆက်တိုက်ပိုင်ဆိုင် ဆွတ်ခူးနိုင်ပါစေ။

ဖေဖေ -**ဦးမျိုးမြင့်** (Manager) (Nichimen) Co, Ltd.
မေမေ -**ဒေါ်မြင့်မြင့်မြိုင်**
မမကြီး -**ချောစုစုမျိုး** B.Sc(Maths),M.Sc(QII),Dip in Japanese(U.F.L)
မမလတ် -**ဝင်းပပမျိုး** B.A (Hons), M.A (Credit), M.Res, Ph.D(Thesis) (Geography)
မမငယ် -**ခင်သော်တာမျိုး** B.Sc (Hons), M. Sc (Engineering Physics) Year II I, D.C.S(U.K),ADCS(London)
ချစ်ညီငယ်-မျိုးအာကာ B.Sc(Chemistry)

တောင်ပြုန်းပွဲသို့ ရွှေအိုးစည် ဘုရားဖူးခရီးများ
၅-၈-၂၀၀၃ရက်နေ့ ထွက်မည်။
ဖုန်း-၃၇၃၂၇၅၊ ၇၀၈၃၄၂။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈က/၃၅၆၀ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင် စာအုပ် (ကမ-၃) မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှစ၍ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း။





ဒေသဆန်ဖူလုံရေး အထူးအထွက်တိုးစပါးမျိုး စိုက်ပျိုး တိုင်းမှူး ဗိုလ်ချုပ်သာအေး ထားဝယ်၌ တောင်သူများနှင့် တွေ့ဆုံ

ထားဝယ် ဇူလိုင် ၁၈

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ထားဝယ်မြို့နယ် ဇဟာကျေးရွာအုပ်စု ယာယီမဏ္ဍပ်သို့ ဇူလိုင် ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် ရောက်ရှိလာပြီး ထားဝယ်တပ်နယ်မှ ဗိုလ်မှူးချုပ် ထိန်ဝင်းနှင့် တပ်မတော်အရာရှိများ၊ ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကြွယ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သူလယ်သမားများနှင့် တွေ့ဆုံသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ကြွယ်နှင့် ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးဇော်ဝိတ်တို့က စပါးစိုက်ပျိုးမှု အခြေအနေများကို မြေပုံကားချပ်များဖြင့် တင်ပြရာ တိုင်းမှူးက ဒေသဆန်ဖူလုံရေးအတွက် အထူးအထွက်တိုးစပါးမျိုးများကို စိုက်ပျိုးရန်လိုအပ်ကြောင်း၊ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိရန် ငရုတ်ကောင်းပင်များ စိုက်ပျိုးကြရန်၊ ဒေသကြက်မွေးမြူကြရန်နှင့် ဒေသဆန်ဖူလုံရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူထားကြရန် ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် အထူးအထွက်တိုးစပါးများ စိုက်ပျိုးပြီးစီးမှုနှင့် သဘာဝဓာတ်မြေဩဇာ ထုတ်လုပ်ရောင်းချမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(၄၇၃)**

အောင်ပန်းမြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူ

အောင်ပန်း ဇူလိုင် ၁၈

ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့မ လူငယ်များ ဗုဒ္ဓဝေယျာဝစ္စအဖွဲ့က ဦးဆောင်ပြီး (၃၇)ကြိမ်မြောက် မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဇူလိုင် ၁၄ ရက်က ကျင်းပရာ ကျောင်းပေါင်း ၁၃ ကျောင်းမှ ဘုရားအမှူးပြုသော ပင့်သံဃာတော် ၅၄၉ ပါးကြွရောက်တော်မူကြသည်။

(၂၄၉)

သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း မိသားစုများအား ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်ပွဲကို ဇွန် ၃၀ ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြင်ဟန်က ဝန်ထမ်းများကိုယ်စား မြို့နယ် ဒုတိယဦးစီးမှူး ဒေါ်ခင်လှမြင့်ထံ ပညာသင်ထောက်ပံ့ငွေကျပ် ၁၁၆၅၀၀ ကို ပေးအပ်စဉ်။ (၅၂၇)

ဩဝါဒခံယူပွဲနှင့် ကျောင်းအပ်ရေစက်ချပွဲ ကျင်းပ

ကျောင်းကုန်း ဇူလိုင် ၁၅

တိုင်းသံဃနာယက ဆရာတော်၏ ဩဝါဒခံယူပွဲနှင့် ကျောင်းအပ် ရေစက်ချပွဲ အခမ်းအနားကို ဇူလိုင် ၁၀ ရက်က ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ ကံကလေးအုပ်စု လေ့ဒါးချောင်ကျေးရွာ သာသနာလင်္ကာရ ကျောင်းသစ်တွင် ကျင်းပသည်။ **(အပေါ်ပုံ)**

ငါးပါးသီလခံယူ

ရှေးဦးစွာ မြို့နယ်သံဃနာယက ဆရာတော် ဦးအာစိဏ္ဏထံမှ ငါးပါးသီလ ခံယူပြီး တိုင်းသံဃနာယကဥက္ကဋ္ဌ ကုန်းသာကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံမှ ဩဝါဒကထာနှင့် သာဓုအနုမောဒနာ တရားနာကြားသည်။

ဆက်လက်၍ တိုင်းသာသနာရေးဦးစီးမှူး ဦးမြသိန်းက သာသနာရေးဆိုင်ရာ ရှင်းလင်းလျှောက်ထားပြီး တက်ရောက်လာသူများက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။ **(၃၆၅)**

ပဲခူးတိုင်း(အရှေ့) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်၊ တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဇော်နှင့် အင်ဂျင်နီယာမှူး ဦးသိန်းသိန်းတို့ ဇူလိုင် ၇ ရက်က တောင်ငူမြို့နယ် လဲဘူးစံပြကျေးရွာတွင် ကျေးလက်အိမ်ရာ စီမံကိန်း ဆောက်လုပ်မှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

ကျေးလက်အိမ်ရာစီမံကိန်း ကွင်းဆင်းဆောင်ရွက်

မြောင်းမြ ဇူလိုင် ၁၆

ဧရာဝတီတိုင်းအတွင်း ကျေးလက်အိမ်ရာစီမံကိန်း ဒုတိယအဆင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ချိုနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်သွင်တို့သည် ဇူလိုင် ၅ ရက်က အိမ်မဲ-မြောင်းမြ ကားလမ်းဘေးရှိ သပြေချောင်ကျေးရွာ၌ အိမ်ရာဆောက်လုပ်မည့် မြေနေရာများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **(၁၇၆)**

ကျောက်တန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးဆောင်၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နှင့် ကျေးရွာပြည်သူများ ဇူလိုင် ၁၂ ရက် နံနက်က သီလဝါစက်မှုဇုန် ဖွံ့ဖြိုးရေးလမ်းမကြီးတစ်လျှောက်၌ သစ်ဆိမ့်၊ မန်ကျည်း၊ မဲဇလီ၊ ကုက္ကို အစရှိသည့် ပျိုးပင် ၅၀၀၀ ကို တစ်အုပ်တစ်မ စုပေါင်းစိုက်ပျိုးကြစဉ်။ (၇၄)

သံတံတားရွာဦးကျောင်း ဆွမ်းပဒေသာပင်လှူဒါန်း

မှော်ဘီ ဇူလိုင် ၁၉

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် သန္ဓေပင်ကျေးရွာအုပ်စု သံတံတားရွာဦး ပရိယတ္တိစာသင်တိုက်ရှိ စာချ၊ စာသင် သံဃာတော်များအား ဆွမ်းဆက်ကပ်နိုင်ရန် ဆွမ်းပဒေသာပင် ကျပ်တစ်သိန်းကို ဒေါ်သန်းကြွယ်အား ရည်စူး၍ ဦးစန်းအောင် မိသားစု (ရှမ်းပိုင်းရပ်ကွက် ဝါးနက်ချောင်း)က ပဓာန နာယက ဆရာတော် ဘဒ္ဒန္တသောဘိတ (သာသနတက္ကသီလ ဓမ္မာစရိယ)ထံ ဝါဆိုလပြည့်နေ့က ဆက်ကပ်လှူဒါန်းသည်။ **(၆၂)**

မြို့နယ်သတင်းများ

မင်းကင်းမြို့နယ်၌ သစ်ဆိမ့်ပင်စိုက်ပျိုး

မင်းကင်း ဇူလိုင် ၁၀

စစ်ကိုင်းတိုင်း မင်းကင်းမြို့၌ မြန်မာ့အမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီက ဦးဆောင်၍ သစ်ဆိမ့်ပင် ၁၅၀၀ စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက် နံနက် ၇ နာရီက ကျင်းပရာ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ မြို့နယ်အားကစားကွင်းဝဲ၊ ယာနှင့် မင်းကင်းမြို့ အမှတ်(၃) တစ်လျှောက်၌ သစ်ဆိမ့်ပင်များ စိုက်ပျိုးကြသည်။ **(မြို့နယ်ပြန်/ဆက်)**

ငှက်ဖျားရောဂါကာကွယ်ရေး ပညာပေးဟောပြော

နွားထိုးကြီး ဇူလိုင် ၁၄

စတုတ္ထအကြိမ် ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် ပညာပေးဟောပြောပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၁၀ နာရီက နွားထိုးကြီးမြို့နယ် ပြည်သူ့ဆေးရုံခန်းမတွင် ကျင်းပသည်။

ပညာပေးဟောပြောပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်မောင်ကြီးက ငှက်ဖျားရောဂါအကြောင်း ပညာပေးဟောပြောပြီး မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာခင်မောင်ဌေးက ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ **(၉၄)**

ငှက်ဖျားရောဂါကာကွယ်ရေးဆောင်ရွက်

စတုတ္ထအကြိမ်မြောက် အမျိုးသားအဆင့် ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်အဖြစ် ဇူလိုင် ၅ ရက်က ဆိပ်ကြီးခနောင်တိုမြို့နယ် ဆိပ်ကြီးအနောက်ရပ်ကွက်တွင်းရှိ ရေစီးရေလာကောင်းမွန်ရေးနှင့် ချုံနွယ်မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းကို မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများက ဝိုင်းဝန်းဆောင်ရွက်ကြစဉ်။

(မြို့နယ်ပြန်/ဆက်)

ဂုဏ်ယူစရာ မြန်မာ့ရိုးရာ တူရိယာ

[illegible]

နိုင်ငံတော်ထပ်ဆင့်ရွှေတံဆိပ်ရ ဂီတစာဆို မိန်းမှူး (မန္တလေး)

[illegible]

ခုခံအားကျဆင်းရောဂါ

[illegible]

Management & Accountancy Training Ltd.
No.165 Shwebontha Street, Pabedan Tsp.

ACCA 1.1,1.2 & CAT Level A,B (CBE) Courses

Last Chance for CAT - B3 Old Syllabus

Commencing date: 31.08.2003(Sunday)

Hotline: 242431,241713. E.mail : Drtinlatt@mat.com.mm

လူပျောက်ကြော်ငြာ

[illegible]

Ph: 045- 21436
045- 21697 Ext 133

ကျေးဇူးဆပ်ပါမည်

[illegible] C.D.C.32578 [illegible]
PSC [illegible] R.B [illegible]
C.D.C. 32578
Ph: C/O 541358

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

[illegible]

ဗုဒ္ဓိုင်သား အလဲအဝေကျွေးမွေးနေ့ရေးမွန်

USA (၂-၇-၂၀၀၃)

(၂၄-၇-၂၀၀၃)

U.S.A

ကြေညာ

M.B.B.S (MDY)

B.C.Sc (Hons)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

ကြော်ငြာစာအမှတ် – ၂၉/၂၀၀၃

(၂၀၀၃ ခုနှစ် ဇူလိုင်လ ၁၅ ရက်)

လျှောက်လွှာခေါ်ယူခြင်း

MYANMAR YELLOW PAGES®

မြန်မာအဝါရောင်စီးပွားရေးလမ်းညွှန်®

ရှာနေတာအားလုံး သင့် လက်ချောင်းလေးများပေါ်မှာ ရှိတယ်!

yellow pages

Let your fingers do the walking!

2004

Advertising

242758, 243074

09-500-1116, 09-500-1421

Discount

August ~ September

Family

Graphic Design Course

- Adobe Illustrator
- Adobe Photoshop
- Microsoft FrontPage
- Image Scanning

MCC

CASSETTE TAPE

MCC STANDARD Computer Centre

- ☒ Basic Windows Course
- ☒ D.T.P Course, Graphic Design Course
- ☒ Web Design Course, E-mail Courses
- ☒ Programming Courses
- ☒ Computerized Accounting

SUPER CAR RENTAL

MT&K Tourism Co.,Ltd

Yan Aung

Toyota Sprinter,
S.E
82 Model
Publica
Sunny

လေလံကြော်ငြာ

[illegible]

INVITATION TO TENDER

1. Sealed Tenders are invited by the Myanma Petrochemical Enterprise the Ministry of Energy for the Supply of 18000 ± 10% Metric Tons HSD (Gas Oil Regular 0.5 %).
2. Tender Closing Date (29-7-2003) at 12:00 noon.
3. Tender Documents and details information are available at the Department of Finance, Myanma Petrochemical Enterprise, No.(23), Min Ye Kyaw Zwa Road, Yangon, during office hour commencing 22-7-2003 on payment of one hundred (100) FEC (or) US$ per set.
4. Only bid from tenderer who has purchased tender documents officially from Myanma Petrochemical Enterprise will be accepted for evaluation.

Managing Director
Myanma Petrochemical Enterprise.

ဓာတုဗေဒပစ္စည်း(၂)မျိုးဝယ်ယူလိုခြင်း

စဉ်	အမျိုးအမည်	လိုအပ်ချက်	[illegible]
၁။	PALE CRESYLIC ACID	30MT	[illegible]
၂။	DOWTHERM "A" LIQUID (OR) ITS EQUIVALENT	1MT	[illegible]

[illegible]

အကျော်ဝါ ရွှေ
စိန်ရွှေရတနာဆိုင်

ဝယ်ယူအားပေးသူတိုင်းကို ဗလာမပါ
ကံစမ်းမဲများ လက်ဆောင်ပေးနေပါပြီ

G.Link Computer

Hardware Course (A+)
Graphic Design Course
Microsoft Office XP, DTP, Access, ACCPAC, AutoCAD, C++, VB, JAVA

[illegible]

Ph : 243 982, 240 622 Fax : 240 622

G.Link Computer

E-mail: glink@yangon.net.mm

Computer [illegible] Centre [illegible] E-Library Annual Member Card [illegible]

Office နှင့် Home User များအတွက် System & Network Maintenance, Antivirus Updates & Data Backup [illegible] On-Call [illegible]

Ph : 243 982, 240 622 Fax : 240 622

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း

Ph:-(951)578478,565142,Fax:(951) 578472

E-mail-mpe.myr@mptmail.net.mm,www.myanmarpearl.com

[illegible]

စိုင်ပိတ်တင်ဒါ ခေါ်ယူခြင်း

[illegible]

စဉ်	[illegible]	[illegible]	[illegible]
(က)	Camphor Solid	[illegible]	[illegible]
(ခ)	Menthol Crystal	[illegible]	
(ဂ)	[illegible]	[illegible]	
(ဃ)	Sticker [illegible]	[illegible]	
(င)	Sorbitol.	[illegible]	
(စ)	Zinc Oxide.	[illegible]	

[illegible]

[illegible]

အမည်နှင့်ပြောင်းခြင်း

အမည်ပြောင်းခြင်း

အမည်ပြောင်းခြင်း

ဖခင်အမည်နှင့်

မခင်အမည်နှင့်

ဆက်သွယ်ကြပါ

TOMA- Ph: 223932

3 FL.

နေ့စွဲမှန်ပြင်ခြင်း

ဒေါ်မြတ်ချမ်း

[illegible]

ဘုရားရွာကန်သိမ်ကျောင်းကြေငြာ

[illegible]

နေ့စွဲမှန်ပြင်ခြင်း

Silver Arrow [illegible]

ဒေါ်ကုသလ (ကျောက်တန်း)
အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ
ပဓာနသီလရှင်ဆရာကြီးကျောက်တန်းသီလရှင်စာသင်တိုက်
ဝါတော်(၇၂)ဝါ၊ သက်တော်(၉၁)နှစ်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ (၁)လမ်း၊ ကျောက်တန်းသီလရှင်စာသင်တိုက်၏ ပဓာနသီလရှင်ဆရာကြီး ဒေါ်ကုသလသည်(၁၃၆၅ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ရက်) ၂၂-၇-၂၀၀၃ (အင်္ဂါနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို (၁၃၆၅ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ရက်) ၂၆-၇-၂၀၀၃(စနေနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးများနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူ တူ၊ တူမများ။

ဘုရား၊သိမ်၊ကျောင်း(ပိဋကတ်သုံးပုံ)
ရဟန်းဒါယကာကြီး
ဦးရွှေဝင်း(ခ)တန်ရွှေဝင်း
အသက်(၈၄)နှစ်
ဘုံဘောဘားမားပရိဘောဂတိုက်

ရန်ကုန်မြို့၊ ကျောက်တန်းမြို့နယ်နေ (ဦးပိုးဝါ-ဒေါ်သက်မေ)တို့၏ သား၊ ဒေါ်စောလှ၊ ဒေါ်သက်စံတို့၏ မောင်၊ (ဒေါ်ခင်ညွန့်)၏ အစ်ကို၊ ရန်ကုန်မြို့၊ အမှတ်(၂၅)၊ ကျိုက္ကဆံလမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်နေ [ဒေါ်ကြူကြူ(ခ)ဒေါ်သိန်းသိန်းအေး]၏ ခင်ပွန်း၊ ဦးစံရိန်(အလုပ်အမှုဆောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ တာမွေမြို့နယ်၊ ပလတ်စတစ်အိတ်ပါးရောင်းဝယ်ရေး၊ မင်္ဂလာဈေး)၊ဒေါ်အေးမြခိုင်(ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ပသင်တန်း၊ ဝန်ကြီးများရုံး)၊ ဒေါ်ခင်ပြုံးမြင့်တို့၏ ဖခင်၊ မောင်သန့်ဇင်စိုး(အထက-၅၊ ဗိုလ်တထောင်၊ နဝမတန်း-B)၏အဘိုးသည် ၂၂-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၄-၇-၂၀၀၃ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်း၊ဒါယကာကြီး
ဦးအောင်ကျော်ဇံ (၇၃)နှစ်
စစ်တွေ (ယိုးတရုတ်၊ ပုဏ္ဏားကျွန်း)

စစ်တွေမြို့၊ကျေးပင်ကြီးရပ်၊ ကမ်းနားလမ်းနေ (ဦးမောင်ဖြူ-ဒေါ်သာလှ)တို့၏သား၊ တောင်ဥက္ကလာပမြို့၊ (၄၃၈)၊ (၁၅)လမ်း၊(၃)ရပ်ကွက်နေ ဒေါ်ရွှေမြ၏ ခင်ပွန်း၊ ဦးသန်းဌေး(မန်နေဂျာ၊ လှအထည်ချုပ်)-ဒေါ်လှသုဇာ(ထ-၂၊ တ/ဥ)၊ ဦးကျော်ညွန့်(ဒါရိုက်တာ အောင်နဒီကုမ္ပဏီ)-ဒေါ်လှသီတာ(စက်ရုံမှူး၊ သဃ်န်းကျွန်း၊ အထည်စက်ရုံ-၁၅)၊ ဦးသာထွန်းအောင် (ခေတ္တ-Dubai UAE) -ဒေါ်နီလာယဉ်တို့၏ မွေးသဖခင်၊ ဟန်သီညွန့်(ပ/နှစ်၊ Eco)၊ ကျော်မရ(ထ-၂၊ ကမာရွတ်)၊ မြတ်ထက်ခန့်(ထ-၂၊ ကမာရွတ်)၊ ကင်းဝန်(ရန်ကင်း၊ T.T.C)၊ သုသုသာ(မူကြို-၁)တို့၏ အဘိုးရင်၊ (ဦးမောင်စံကျော်၊ ဒေါ်ကျော့သာ)တို့၏ ညီ၊ ဦးကံကောင်း-ဒေါ်အောင်ကျော့စိန်၊ ဦးစိန်လှမောင်-ဒေါ်မသိန်းစိုးတို့၏ အစ်ကိုသည် ၂၂-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၄-၇-၂၀၀၃ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဆရာမနော်သန်းစိန်(ငြိမ်း)
အသက်(၇၃)နှစ်
(လက်ပံတန်း)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ငုရွှေဝါလမ်း၊ အမှတ်(က/၁၄)နေ (ဦးအောင်ဇ-ဒေါ်စောရင်)တို့၏ သမီး၊ ဦးစောစံရှိန်(လဝက၊ ငြိမ်း)၏ဇနီး၊ စောလားဒို-နော်ဘားနဒီး၊ စောဆာဒိုဝါး-နော်ဆာဖဲ၊ နော်မူးကပေါ-စောခေါဖလိုးတို့၏ မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၂၂-၇-၂၀၀၃ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၄-၇-၂၀၀၃ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ဦးရေခဲနှစ်ခြင်းအသင်းတော်သမိုင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးကရင်နှစ်ခြင်း ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ဦးရေခဲနှစ်ခြင်းအသင်းတော်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ရွှေဂုံကျောင်းတိုက်၊မြသိန်းတန်ကျောင်း
ဦးတင်ဝင်း(ခ)ဦးပို့စွမ်
အသက်(၆၃)နှစ်

ပဲခူးတိုင်း၊ ပြည်မြို့သစ်၊ (၁၃)လမ်း၊ (၃)လမ်းထိပ်၊ ရွှေဂုံကျောင်းတိုက် ဆရာတော် ဦးဥတ္တမ၏ ရဟန်းဒါယကာ၊ ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ပန်းတည်းတန်းလမ်း၊ အမှတ်(၆၅၃)နေ ဦးအင်စမ်-ဒေါ်မြခတ်တို့၏ တစ်ဦးတည်းသော သား၊ ဦးဌေးအောင်(သီတဂူနိဗ္ဗာန်ကုန်လုပ်ငန်း)-ဒေါ်ညိုညိုတို့၏ ချစ်လှစွာသော အစ်ကိုကြီးသည် ၂၂-၇-၂၀၀၃ရက်တွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၄-၇-၂၀၀၃(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးချစ်စိန် (၇၉)နှစ်
ကုန်သွယ်ရေးမန်နေဂျာ(ငြိမ်း)
(သန်လျင်-ဗိုလ်ချုပ်ရွာ)

သန်လျင်မြို့၊ ဗိုလ်ချုပ်ရွာ၊ သဲတန်းပိုင်း၊ အမှတ်(၃/၄၅)နေ (ဦးဘိုးသိုင်း-ဒေါ်အေးစိန်)တို့၏ သား၊ (ဒေါ်ကျင်မေ)၏ ခင်ပွန်း၊ ဦးသက်လွင်-ဒေါ်ခင်မျိုးမြင့်(မီးရထား)၏ အစ်ကို၊ ဒေါ်ခင်အုံးချစ်၊ ဦးသိန်းဆက်(ရေနံဓာတု)-ဒေါ်မဥ္ဇူဝါးဘိုး၊ ဒေါ်တင်ပြုံးချစ်(အထက-၂၊ သန်လျင်)၊ ဦးတိုးချစ်မောင်(ရေနံ သယ်ပို့)-ဒေါ်ခင်ပြုံးရီ၊ ဦးတင်အောင်-(ဒေါ်လှပြုံးချစ်)၊ ဦးဇော်ကြီး(Lucky Sevenအခွေဆိုင်)တို့၏ မွေးသဖခင်၊ မြေး ခုနစ်ယောက်တို့၏အဘိုးသည် ၂၂-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၄-၇-၂၀၀၃ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ဗိုလ်ချုပ်ကျေးရွာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်စန်းရီ(ခ)ချန်ဖိတ်ဟွန်
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၆)လမ်း၊ အမှတ်(၅၁)နေ ဦးခင်ရှောင်၏ဇနီး၊ ဦးအောင်မြင့်(တိုင်းအလုပ် အမှုဆောင်၊ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း)-ဒေါ်ဖြူဖြူဝင်း(ဥက္ကဋ္ဌ၊ သန်လျင်မြို့နယ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း)၊ ဦးမြကြည်-ဒေါ်မြင့်မြင့်ဝေ၊ ဒေါက်တာလှသိန်း-ဒေါ်မြင့်မြင့်ဆွေ၊ ဦးခင်မောင်ဝင်း-ဒေါ်ဖြူဖြူဝင်း၊ ဦးဝင်းရွှေ-ဒေါ်မြင့်မြင့်ထွေးတို့၏ မွေးသမိခင်၊ မြေး၁၂ယောက်တို့၏ အဘွားသည် ၂၁-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၃-၇-၂၀၀၃ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။) (အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pu Khup Suan Thang
အသက်(၇၃)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့၊ မြို့မရပ်ကွက်နေ (Pu Hang Za Gin-Pi El Za Cing)တို့၏ သား၊ (Pi Cing Kho No)၏ ခင်ပွန်း၊ Pi Niang Suan Cing–Pu Lun Khan Mang(Pi Ngai Khan Niang–Pu Khup Za Laang)၊ Pu Hang Cin Kap-Pi Ciin Khan Niang(ဓာတ်မှန်ဌာန၊ တီးတိန်)တို့၏ အစ်ကို၊ Tg Gin Hen Thang၊ Nu Cing Lun Vung-Pa Thang Go Mang၊ Nu Nian Ngaih Dim-Pa Suan Lian Pau၊ Nu Cing Lam Vung-Pa Lian Khan Cin (အကောက်ခွန်)၊ Pa Hang Go Pau-Nu Hang Nuam Niang၊ Nu Niang Hau Lian-Pa Hang Lam Sing(ခေတ္တ-မလေးရှား)၊ Nu Ngai Nian Vung-ဦးစန်းမောင်(လျှပ်စစ်)၊ Nu Kap Lian Ciin-Pa Sian Suan Thang၊ Tg Gin Sian Sutတို့၏ ဖခင်၊ မြေး ၁၉ယောက်တို့၏ အဘိုးသည် ၂၀-၇-၂၀၀၃ရက်တွင် နေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၃-၇-၂၀၀၃ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် နေအိမ်၌ ဝတ်ပြုကိုးကွယ်ပြီး တီးတိန်မြို့၊ မြို့မနှစ်ခြင်းသုသာန်သို့ ပို့ဆောင်မြေမြှုပ်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဆလိုင်းထန်ဘေး
(Thang Bay)
အသက်(၃၁)နှစ်
B.Sc (Chemistry)

ချင်းပြည်နယ်၊ မတူပီမြို့၊ ခိုဘွေရပ်ကွက်နေ ဦးတာအောင်၊ ဒေါ်လိုမ္မမ်းတို့၏ ပဉ္စမမြောက် သား၊ ဒေါ်ရိုင်ဆုန်း(လယ်ပြ)-ဦးကပ်ထန်း၊ ဒေါ်ထင်ဒိန်း(မူပြ)-ဆရာမောင်လိန်း(B.Sc,B.Ed, BD)(ယူ-တီ-စီ၊ မတူပီ)၊ (မောင်ပိုင်ဟုန်း)၊ (ဦးကံထူး၊ သစ်တောဌာန)-ဒေါ်အယ်စတာတို့၏ညီ/မောင်၊ ဒေါ်ဟွန်လီ-တကကဦးလုံထွေး(ဘောက်ထော်)၊ ဒေါ်စန်အိန်း(လယ်ပြ၊မတူပီ)၊ ဒေါ်ကေသီ-ဦးမြင့်ဌေး၊ ဆလိုင်းစန်ကုန်း၊ ဆလိုင်းပန်စိန်း၊ မိုင်စန်မိုင်း၊ မိုင်မိုင်ဟိန်းတို့၏ အစ်ကိုကြီးသည် ၂၂-၇-၂၀၀၃ရက်တွင် ရန်ကုန်မြို့၊ တိုက်(၈)၊ အခန်း(၁၀၁)၊ (၁)ရပ်ကွက်၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၄-၇-၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂူကျင်းပေါင်းစုံခန်းမ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ကမာရွတ်အောင်မြေသာစည်နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါ မည်။)

ကျန်ရစ်သူမိသားစု။

ဦးကျော်အုန်း(၈၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အမှတ်(၃၇/၃၉)နေ (ဦးကျော်-ဒေါ်အုန်း)တို့၏ သား၊ ဒေါ်ခင်ညွန့်၏ ခင်ပွန်း၊ ဦးခင်မောင်ထွန်း (I.W.T)၊ ဒေါ်ခင်မမ(အမက-၈၊ တာမွေ)၊ ဦးခင်မောင်အေး၊ ဒေါ်စန်းစန်းဝင်း၊ ဒေါ်ဥမ္မာ၊ ဒေါ်အေးအေးမာ (ဦးညီသိန်းဦး)၊ ဒေါ်အေးအေးမြတ် (ခေတ္တ-ဂျပန်)တို့၏မွေးသဖခင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် သျှင်ပါကူအထူးကုဆေးခန်း၌ ၂၁-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၃-၇-၂၀၀၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်ညွန့်
အသက်(၈၅)နှစ်
MEIC (အငြိမ်းစား)
ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဟောင်း၊ နာယက၊ သီတဂူအောက်မြန်မာပြည် ကဝိုယ်အဖွဲ့၊ ဥက္ကဋ္ဌ၊ မြန်မာညွန့်ကုမ္ပဏီလီမိတက် (အသုတ်မြို့)

(ဦးဘိုးရင်-ဒေါ်အုံးခင်)တို့၏ သား၊ (ဒေါ်အမာ)၏ ခင်ပွန်း၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အင်ကြင်းမြိုင်လမ်း၊ စုပေါင်းသုဝဏ္ဏနေ ဦးမျိုးဇော်-ဒေါ်ခင်ခင်ဦး၊ ဦးထွန်းအောင်-ဒေါ်စိုးစိုးအောင်တို့၏ဖခင်၊ မငြိမ်းငြိမ်းအောင်၊ မစိုးစန္ဒီထွန်းတို့၏အ ဘိုး၊ မြန်မာညွန့်ကုမ္ပဏီလီမိတက်၏ ဖခင်ကြီး ဦးမောင်မောင်ညွန့်သည်၂၂-၇-၂၀၀၃ရက်တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်နေ့ရက်နှင့် အချိန်တို့ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးသိန်းထွန်း (၆၅)နှစ်
ဌာနစုဦးစီး၊ငြိမ်း၊သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး (ဒါးဝိန်)

(ဦးဘအောင်-ဒေါ်သန်းကျင်)တို့၏ သား၊ ဦးအုန်းသိန်း(ကုန်သွယ်၊ ငြိမ်း)-ဒေါ်လှမြင့်(ကျောင်းဆရာမ၊ ငြိမ်း၊ ဖူးပွင့်ရှုတိုင်းယဉ်ရတနာဆိုင်၊ ဗိုလ်ချုပ်ဈေး)တို့၏ ညီ/မောင်၊ ဦးတင်ငွေ(ဒု ညွှန်မှူး၊ ငြိမ်း၊ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး)-ဒေါ်ခင်စန်းရီ(ဦးစီးအရာရှိ၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး)၊ ဒေါ်အေးမြင့်(ဖလ-ပုံနှိပ်ကော်ပိုရေးရှင်း)တို့၏အစ်ကို၊ တူ၊ တူမ ၁၀ယောက်တို့၏ ဦးလေး၊ ဘကြီး ဦးသိန်းထွန်းသည် ၂၂-၇-၂၀၀၃ရက်တွင် ဦးအုန်းသိန်း-ဒေါ်လှမြင့်၊ အမှတ်(၁၃/၁၅)၊ ခေါင်ရမ်းလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်နေအိမ်၌ ကွယ်လွန်ပါ၍ ၂၄-၇-၂၀၀၃ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီ
ဦးနိုင်နာမိုဟာမဒ်(ခ) ဦးတင်ရွှေ (၆၅)နှစ်
ဗိုလ်တထောင်၊ ပုဇွန်တောင်သစ်စက်

မော်လမြိုင်၊ ရေးမြို့၊ ထားဝယ်ခရိုင်နေ မိုဟာမေဒင်-ဒေါ်အိုက်ရှာဘီ တို့၏ သား၊ အမှတ်(၈၅/၉၃)၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်ဈေးလမ်း၊ (၄)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်နေ ဒေါ်နူရ်ဂျန်(ခ)ဒေါ်ညို၏ ခင်ပွန်း၊ အိုက်ရှာဘီ၊ အမီနာဘီ၊ မွန်မက်မေဒင်၊ ကုပက်ဂနီ၊ ဟဝါဘီ၊ နာဂူရ်ဂနီ၊ အီဗရာဂနီ၊ ဆရက်ဂနီတို့၏ မွေးသဖခင်သည် ၂၂-၇-၂၀၀၃ရက်တွင် အလ္လာသျှင်မြတ် အမိန့်တော်ခံယူသွားပါ၍ ၂၃-၇-၂၀၀၃ရက် ဂျွန်ဇာနမာဇ်ကို ဘာမလားဗလီ ကြက်တန်းတွင် ဇဟိုရ်ဖတ်ပြီး ရေဝေးကဘာစတန်၌ ဒါဖနာပြုလုပ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pa Theu Mang Za Suan
B.Sc. (Bot)
အသက်(၅၅)နှစ်

တီးတိန်မြို့၊ မြို့မရပ်ကွက်နေ (ဝဏ္ဏကျော်ထင် Pu Gin Za Cin)–Pi Huai Khup တို့၏သားကြီး၊ Nu Luun Za Man-Pa Khai Khan Kap(ချင်းတောင်တန်းကားဂိတ်)၊Pa Sing Za Mang @ ဇိန်ဇမန်(မြို့နယ်ဥပဒေအရာရှိ၊ ပေါက်ခေါင်းမြို့)–Nu Don Khen Cing @ ဒေါ်ခင်နှင်းဆီ၊ S/m Don Ngaih Lian-Rev. Tung Za Pau (ခေတ္တ-USA)၊ Pa Pau Za Mung–Nu Niang Ngaih Mang၊ Nu Ciin Kho Lun-Pa Khen Khan Cin၊ Pa Thang Cin Hau-Nu Vung Lian Cing၊ Nu Zen Man Cing-Pa Khawl Lo Dinga (မြို့နယ်မီးသတ်ရုံး)S/m Nian Ngaih Niang တို့၏ အစ်ကိုကြီး၊ Nu Zen Khan Man၏ ချစ်လှစွာသော ခင်ပွန်း၊ တူ၊ တူမ ၂၆ယောက်တို့၏ ဦးလေးကြီးသည် ၂၂-၇-၂၀၀၃ရက်တွင် အထက်ပါ နေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၄-၇-၂၀၀၃ရက်တွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးလူကလေး
အသက်(၉၃)နှစ်

ပို့ဆောင်ရေးစီးမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း-ဒေါ်ခင်သန်းမြင့်တို့၏ဖခင် ဦးလူကလေး အသက်(၉၃)နှစ်သည် ၂၀-၇-၂၀၀၃ရက်တွင် မြင်းခြံမြို့၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

ပို့ဆောင်ရေးစီးမံကိန်းဦးစီးဌာနရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်ရုံးများမှ၊ အရာထမ်း၊ အမှုထမ်းများ။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်မြရင် အသက်(၈၀)
စန္ဒာသီရိတိုက်
(ပြည်)

ပြည်မြို့နေ (ဦးဘချစ်-ဒေါ်ဇိန်နတ်) တို့၏သမီး၊ (ဦးစလေမန်-ဒေါ်ဒေါ်ပုံ)တို့၏ တူမသမီး၊ ပြည်မြို့နေ ဦးလှဘော်-ဆရာမကြီး ဒေါ်မြသီ(အထက-၁၊ ပြည်၊ ငြိမ်း)တို့၏ ချစ်လှစွာသော ညီမ၊ ရန်ကုန်မြို့နေ (ဦးစံရွှေ)-အလ်ဟာဂျဟ်ဒေါ်ကြည်ကြည်(စန္ဒာသီရိအော့ဖ်ဆက်)၏ ချစ်လှစွာသော အစ်မ၊ ဒေါ်အုံး(အထက-၁၊ပြည်၊ ငြိမ်း)၊ ဦးသိန်းဟန် (တရားရုံးချုပ်ရှေ့နေ)-ဒေါ်မြတ်မြတ်မြင့်၊ ဒေါ်စန်းစန်းမြင့်(ပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဒေါ်ခင်အုံးသန့်(စန္ဒာသီရိအော့ဖ်ဆက်)၊ အလ်ဟာဂျ်ဦးသိန်းတန်(စန္ဒာသီရိအော့ဖ် ဆက်)၊ အလ်ဟာဂျ်ဦးအေးလွင်(The Diplomatic School Yangon)-ဒေါ်စန်းစန်းတင့်(စာရင်းစစ်ချုပ်ရုံး၊ ငြိမ်း)၊ ဦးသိန်းဇံ(အထက်တန်းရှေ့နေ)-ဒေါ်စန္ဒာ၊ ဒေါ်စန်းစန်းဝင်း(အထက-၁၊ ဒဂုံ)တို့၏ ချစ်လှစွာသော အဒေါ်၊ ဒေါက်တာရဲသူဟန်(အဖွဲ့ခေါင်းဆောင်၊ အရေပြားရောဂါစီမံကိန်း၊ ရမည်းသင်းမြို့)၊ ဒေါက်တာဝင်းထွဋ်ဟန်(လက်ထောက်ဆရာဝန်၊ ပြည်သူ့ဆေးရုံ၊ တန့်ယန်းမြို့)၊ ကိုသီဟ(ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)၊ ကိုနေလင်းအောင်(2nd M.B I.M-1)၊ မလွင်လွင်ခိုင်(ဒသမတန်း၊ အထက-၁၊ ဒဂုံ)၊ မစုမွန်ကြည် (အဋ္ဌမ တန်း၊ အထက-၁၊ ဒဂုံ)၊ မယုယုထွေး(ဒုတိယတန်း၊ အထက-၁၊ ဒဂုံ)တို့၏ချစ်လှစွာသော အဘွားသည် ၂၂-၇-၂၀၀၃ရက်တွင် အလ္လာသျှင်မြတ်အမိန့် တော်ခံယူသွားပါ၍ ၂၃-၇-၂၀၀၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ပြည်မြို့ ဆွေးနွေးဘုရားလမ်း စန္ဒာသီရိတိုက်မှ ပြည်မြို့ ကဘာရ်စတန်ဥယျာဉ်သို့ ပို့ဆောင်ဒါဖနာမည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

တစ်လပြည့်အလှူဒါန
ရဟန်းအမ
ဒေါ်သန်းသန်း (၅၈)နှစ်
(သုဝဏ္ဏ)

ရန်ကုန်မြို့၊ သဃ်န်းမြို့နယ်၊ တိုက်(၈၅)၊ အခန်း(၂)၊ ပုလဲလမ်း၊ (၂၄)ရပ်ကွက်၊ ရေနံ့သာသုဝဏ္ဏမြို့နေ မြန်မာမှုပညာရှင် ဦးအုန်းတင်၏ ဇနီး၊ ရဟန်းအမ ဒေါ်သန်းသန်း (၅၈)နှစ်သည် ၂၅-၆-၂၀၀၃ရက် နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ရန်ကုန်မြို့ ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းနှင့် မကျန်းမာစဉ်နှင့် ကွယ်လွန်ချိန်တွင် အဘက်ဘက်မှ ကူညီခဲ့ကြသော ဆရာဝန်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာပုဂ္ဂိုလ်များနှင့် မိတ်ဆွေများအား ကျေးဇူးတင်ပါကြောင်းနှင့် ဒေါ်သန်းသန်းအတွက် ရည်စူး၍ ၂၅-၇-၂၀၀၃ရက် ဟင်္သာတမြို့တွင် တစ်လပြည့်အထိမ်းအမှတ် အလှူဒါနပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးစိုင်းမောင်ငယ် အသက်(၄၀) ဒု-လက်ထောက်အကောက်ခွန်မှူး (အကောက်ခွန်ဘောလုံးသမားဟောင်း)သည်၂၀-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အကောက်ခွန်ဘောလုံးသမားဟောင်းများ။

ရဟန်းဒါယိကာမကြီး
ဒေါ်မြင့်မြင့်စိန် (၇၃)နှစ်
မြေတိုင်းဦးစီးဌာန(ငြိမ်း)
(ခနောင်တို)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ (၇)လမ်း၊ အမှတ်(၂၈၃-က)နေ (ဦးဘသွင်-ဒေါ်လှစိန်)တို့၏ သမီး၊ ဦးထွန်းမြင့်(MPPE၊ ငြိမ်း)၏ ဇနီး၊ဦးကျော်မြင့်ဆွေ(အထပြ၊ဝေဘာဂီ)-ဒေါ်မြင့်မြင့်ဆွေ (အလပြ၊ တောင်ဥက္ကလာ)၊ ဦးမြင့်ဦး-ဒေါ်မြင့်မြင့်စန်း (MTEI၊ ရုံးချုပ်)၊ ဦးမြင့်စိုး(MPPE)-ဒေါ်ချိုချိုမာတို့၏ မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၂၁-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၃-၇-၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမျိုးလွင် (၅၈)နှစ်
(သထုံ)

သထုံမြို့နေ (ဦးမောင်ကလေး-ဒေါ်ကြည်)တို့၏ သားကြီး၊ ဦးလှရွှေ-ဒေါ်အေးနှစ်တို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၉/ခ)၊ တောင်ကြီးပန်းခြံလမ်း၊ (၆/၁၁)ရပ်ကွက်နေ ဒေါ်မြင့်မြင့်ကြည်၏ခင်ပွန်း၊ မောင်ရဲထွဋ်-မဖြူပြာလွင်၊ မကြည်ပြာလွင်တို့၏ဖခင် ဦးမျိုးလွင်သည် ၂၂-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၄-၇-၂၀၀၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်နိုင်းတုသူရ(ခ) ဖိုးလပြည့်
အသက်(၃နှစ်၊ ၅လ)

ရန်ကုန်မြို့၊ အမှတ်(၅)၊ ဦးအောင်ကျော်ဖြူလမ်း၊ ဗဟန်းမြို့နယ်နေ ဦးအေးမောင်-ဒေါ်တင်လေးမေ၊ ရန်ကုန်မြို့၊ အမှတ်(၆၉)၊ကျွန်းတောလမ်း၊စမ်းချောင်းမြို့နယ်နေ (ဦးမြင့်ကို)-ဒေါ်လှရီတို့၏ မြေး၊ ဦးစမ်းဦးမောင်-ဒေါ်မြတ်မြတ်မိုမြင့်တို့၏ သားထွေး၊ ကောင်းမြတ်သူရ (နဝမတန်း-E၊ TTC)၊ ဖြိုးပြည့်သူရ (ဒုတိယတန်း-B၊ TTC)တို့၏ ညီလေးသည် ၂၁-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၂၃-၇-၂၀၀၃ရက် ညနေ ၄း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း ဒါယကာကြီး
ဦးမောင်မောင် (၇၄)နှစ်
မြို့နယ်လဝက ဦးစီးဌာနမှူး(ငြိမ်း)

ရန်ကုန်မြို့၊ အမှတ်(၈၀)ဒဂုံသီရိလမ်း၊ ကျောက်မြောင်းနေ ဒေါ်စိန်စိန်(ထ-၂၊ တာမွေ၊ငြိမ်း)၏ ခင်ပွန်း၊ ဒေါ်သန်းသန်းသွယ်(ထ-၂၊ ဗိုလ်တထောင်)၊ ဒေါ်တင်တင်သွယ်၊ ဦးကိုကိုအေး-ဒေါ်စန်းစန်းသွယ်၊ ဦးမျိုးကြည်-ဒေါ်ခင်သန်းတင့်၊ ဒေါ်စုစုသွယ်၊ ဦးမျိုးအောင်-ဒေါ်အေးအေးစမ်း၊ ဦးဌေးဝင်း-ဒေါ်လီ၊ ဒေါ်ခင်မာလာအေး၊ ဒေါက်တာဘုန်းမြင့်အေး-ဒေါ်ရီရီခင်၊ (ဦးထိန်ဝင်း)-ဒေါ်ခင်သူဇာအေး၊ ဦးလှမြင့်-ဒေါ်ခင်မူယာအေး၊ ဦးသန်းဇော်-ဒေါ်ခင်ရူပါအေး၊ ဦးသင်ကိုညွန့်-ဒေါ်ခင်မာမာအေး၊ ဦးအောင်ချိုအေး-ဒေါ်နန်းနန်းဦး၊ ဦးအေးဝင်း-ဒေါ်ချိုချိုအောင်၊ ဒေါ်နီနီအောင်၊ ဒေါ်မိုးသီတာအောင်၊ ဒေါ်မျိုးမျိုးအောင်၊ ဦးအောင်ဟိန်း - ဒေါ်သွဲ့သွဲ့စိုးတို့၏ ဘကြီး/ဦးလေးသည် ၂၂-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၄-၇-၂၀၀၃ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူတူ၊ တူမများ။

ဒေါ်ခင်ဝင်း (၆၄)နှစ်

ဧရာဝတီတိုင်း၊ ဖျာပုံမြို့နယ်၊ သဲအိမ်ကျောင်းစုကျေးရွာနေ (ဦးရှမ်းဖြူ-ဒေါ်အေးစိန်)တို့၏သမီး၊ ဧရာဝတီတိုင်း၊ ကျိုက်လတ်မြို့နယ်နေ (ဦးမောင်တင်-ဒေါ်အေးလှ)တို့၏သမီးချွေးမ၊ (ဦးတင်အောင်)၏ ဇနီး၊ (ဦးညွန့်မောင်-ဒေါ်ဖွားမေ)၊ ဦးတင်မြ-(ဒေါ်တင်လှိုင်)တို့၏ ညီမ၊ ဦးကျော်-ဒေါ်ခင်ဝင်းတို့၏ အစ်မ၊ အမှတ်(၁၀၁၀/က)၊ အင်းဝ(၉)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးဇော်မြင့်အောင်(အောင်ကွန်ပျူတာ)-ဒေါ်ချိုချိုဝင်း၊ (ဦးထွန်းထွန်း)-ဒေါ်ချိုချိုအောင်(အမက-၇၊ တောင်ဥက္ကလာပ)၊ ဦးမောင်မောင်မြတ်(ဇေယျာမြေစာပေတိုက်)-ဒေါ်ဖြူဖြူအောင်(ရုံးအုပ်၊ ငွေစာရင်းဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဒေါ်နီနီအောင်(လ/ထ ကထိက၊ သချာင်္ဌာန၊ ဒဂုံတက္ကသိုလ်)၊ ဦးသက်အောင်(ဝန်ကြီးများရုံး)-ဒေါ်အေးအေးခိုင်တို့၏ မွေးသမိခင်၊ မြေးသုံးယောက်တို့၏အဘွား၊ ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကောလင်းကျောင်းတိုက် ဆရာတော် ဦးပညာစက္က၏ ရဟန်းအမသည် ၂၁-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၅-၇-၂၀၀၃ (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစိန်လှိုင်(ကိုပဲ)
အသက်(၇၁)နှစ်
(ပျဉ်းမနား)

ရန်ကုန်မြို့၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ ဗဟန်းမြို့နယ်၊ တိုက်(၆)၊ အခန်း(၂၈)၊ လေးလွှာ နေ (ဦးဘဝင်း-ဒေါ်စောရင်)တို့၏ သား၊ (ဦးမောင်မောင်ကြီး-ဒေါ်သန်းမြင့်)တို့၏ သားသမက်၊ ဒေါ်လေးလေးမြင့်၏ ခင်ပွန်း၊ ကိုစိန်ဝင်း-မဝေမာအေးကျော်၊ ကိုမိုးကျော်လှိုင်-မဖြူပြာတင်မောင်၊ ကိုခွန်အောင်ဝင်း-မမိုးစန္ဒာလှိုင်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၂၂-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၄-၇-၂၀၀၃ရက် ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရွှေဂုံရိပ်မွန်နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
ဒေါ်နုနုယဉ်(ခ)ဒေါ်နီနီ
အသက်(၆၇)နှစ်
(သန်လျင်)

သန်လျင်မြို့နေ (ဦးမောင်မောင်-ဒေါ်သန်းတင်)တို့၏သမီး၊ ဦးမြင့်ဆွေ၏ ညီမ၊ ဒေါ်မြင့်မြင့်ခင်၊ ဦးဝင်းကြည်၏ အစ်မ၊ ရန်ကုန်မြို့၊ အမှတ်(၂၃၃)၊ ဒေါင်းမင်းလမ်း၊ (၁၄/၂)ရပ်ကွက်၊ တောင်ဥက္ကလာပနေ (ဆရာကြီးဦးလှမောင်)၏ ဇနီး၊ (ဦးခင်မောင်လှ)-ဒေါ်ရီရီသန်း၊ ဒေါ်နီနီလှ-ဦးစံဝင်း၊ (ဦးမျိုးလှ)၊ ဒေါ်ယဉ်ယဉ်လှ-ဦးပြုံးနိုင်၊ ဒေါ်သင်းသင်းလှ-ဦးကျော်နိုင်(ခေတ္တ-USA)တို့၏ မိခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွား ဒေါ်နုနုယဉ်သည် ၂၁-၇-၂၀၀၃ (တနင်္လာနေ့) ည ၇း၅၀နာရီတွင် သျှင်ပါကူဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၅-၇-၂၀၀၃ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းမြင့် အသက်(၈၀)
(ညောင်တုန်း)

ညောင်တုန်းမြို့၊ (၈)လမ်း၊ လမ်းမတော်နေ (ဦးဟေမ)၏ ဇနီး၊ ဒေါ်ရှုတီ(ပပလင်းစတိုး)-ကိုသံလုံးတို့၏မိခင်၊ သော်လွင်ထက်၊ ဟယ်လီလွင်၊ ရှိုင်းလွင်ထက်တို့၏ အဘွားသည် ၂၂-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၄-၇-၂၀၀၃ရက်တွင် ညောင်တုန်းမြို့ ငြိမ်းချမ်းမြေသုသာန်သို့ ပို့ဆောင်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်မေမေသွင် (၇၅)နှစ်
(မော်လမြိုင်)

မော်လမြိုင်၊စစ်ကဲကုန်းရပ်နေ(ရေဝန် ဦးလွန်းမြ-ဒေါ်ဖွားခင်)တို့၏ မြေး၊ (လမ်းအရေးပိုင် ဦးသာလှိုင်-ဒေါ်ဌေးတင်)တို့၏ ဒုတိယသမီး၊ ဦးမောင်မောင်သက်-ဒေါ်ခင်သစ်၊ဦးမျိုးတင့်-ဒေါ်ခင်သန်းဦး(ဇီးကုန်း)၊(ဒေါ်ခင်သက်ဆွေ)တို့၏ မိခင်၊မြေးငါးယောက်တို့၏ အဘွား၊ တူ၊ တူမ၂၃ယောက်တို့၏ ကြီးကြီး၊ (ဦးကျော်သိန်း)-ဒေါ်ခင်ခင်၏ ညီမ၊ ဦးဝင်းလှိုင်-(ဒေါ်ရီရီလေး)၊ဦးထွန်းစိန်-(ဒေါ်ခင်ထားထား)၊ ဦးတင်အေး-ဒေါ်မေမေခင်၊ ဦးဖေမြင့်-ဒေါ်မြင့်မြင့်လှိုင်၊ ဦးစိုးဝင်း-ဒေါ်သန်းသန်းလှိုင်တို့၏ အစ်မ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အရှေ့ရန်ကင်း၊ တိုက်(၁၂၉/၈)နေ ဒေါ်မေမေသွင်သည် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ ၁၉-၇-၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ၂၃-၇-၂၀၀၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။ (ရန်ကင်းနေအိမ်နှင့် ၁၄၈လမ်းမှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်း၊ဒါယကာကြီး
ဦးငြိမ်းရွှေ (၆၈)နှစ်
လ/ထ ညွှန်မှူး(ငြိမ်း)
စက်မှုညွှန်ကြားရေးဦးစီးဌာန
အမှတ်(၁)စက်မှုဝန်ကြီးဌာန
(ဝါးခယ်မ)

ဝါးခယ်မမြို့နေ (ဦးလူလေး-ဒေါ်တင်ရှင်)တို့၏ သား၊ ရန်ကုန်မြို့၊ အမှတ်(၃၆)၊ (၁၅)လမ်း၊ လမ်းမတော်မြို့နယ်နေ (ဦးကံသာ-ဒေါ်သန်းရီ)တို့၏ သားသမက်၊ ဒေါ်ခင်သန်း(ခ)ဒေါ်သန်းသန်း၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုအောင်ဇင်ဦး-မသန်းသန်းဦး၊ ကိုကျော်ဇင်ငြိမ်း၊ ကိုကျော်မျိုးငြိမ်းတို့၏ ဖခင်၊ မဖြိုးလေး၏ အဘိုးသည် ၂၂-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၂၄-၇-၂၀၀၃ရက် နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုကျော်မောင်မောင်သက်
အသက်(၃၁)နှစ်
(ဒေးဒရဲ)

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ (၂/က)စံပြရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ်(၇၉)နေ (ဦးခင်မောင်သက်)၊ ဒေါ်ကြည်ရွှေတို့၏ ဒုတိယသား၊ (၂/က)၊ စံပြရပ်ကွက်၊ ခေတ္တာလမ်း၊ အမှတ်(၁၀၀)နေ (ဦးကိုလေး)-ဒေါ်ဝင်းကြည်တို့၏ သားသမက်၊ ဦးကျော်သက်ဦး(ရန်ကုန်မြို့တော်စည်ပင်)၏ညီ၊ ဗိုလ်ကြီးသက်ဖြိုးအောင်(ကကခန်း)၊ ကိုချစ်သက်ထွေး(လယ်ယာထွက်ကုန်)၊ ဗိုလ်လောင်းငြိမ်းသက်ကိုတို့၏ အစ်ကို၊ မစန်းစန်းထွေး(ခ)ထွေးငယ်(ဒေဝူးအထည်ချုပ်)၏ ချစ်လှစွာသော ခင်ပွန်းသည် ၂၁-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၂၃-၇-၂၀၀၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းအမ
ဒေါ်အုန်းစိန် (၈၉)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၁လမ်း၊ အမှတ်(၉၉)၊ (A/4)နေ (ဦးဘစိန်-ဒေါ်ဖွားရှင်)တို့၏ သမီး၊ (ဦးထိန်ဟန်)၏ဇနီး၊ ဦးစံကေး-ဒေါ်ကြင်မြိုင်၊ (ဦးအော်လူး)၊ (ဦးမြင့်လွင်)-ဒေါ်သန်းသန်းဌေး၊ (ဦးဟေလူး)-ဒေါ်ပိန်းစွမ်၊ ဦးထွန်းထွန်း-ဒေါ်လျှမ်လျှမ်၊ ဦးကျော်မြင့်-ဒေါ်အစန်း၊ ဦးအလိန်းတို့၏ ကျေးဇူးရှင်မိခင်၊ မြေး၁၉ယောက်၊ မြစ်၁၈ယောက်တို့၏ ချစ်လှစွာသော အဘွားသည် ၂၁-၇-၂၀၀၃ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၂၅-၇-၂၀၀၃ (သောကြာနေ့)တွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးထန်းမား (၈၆)နှစ်

ပဲခူးမြို့၊ ပန်းလှိုင်ရပ်၊ မင်းလမ်း၊ အမှတ်(၁၃)နေ (ဦးယူကြူး-ဒေါ်အဝှာ)တို့၏ သား၊ (ဒေါ်တင်မြင့်)၏ ခင်ပွန်း၊ ဒေါက်တာကျော်သိန်း၊ ဒေါ်ခင်ဝင်း၊ (ဒေါ်မြင့်ဝင်း)၊ ဒေါ်မြဝင်းတို့၏ဖခင်သည် ၂၂-၇-၂၀၀၃ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၄-၇-၂၀၀၃ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်း ခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးတင်အေး (၇၁)နှစ်
ယခင်သိမ်ကြီးဈေး Dရုံ
(သပြေကုန်း)

သပြေကုန်းနေ (ဦးဘိုးခ-ဒေါ်စောမြ)တို့၏ သား၊ (ဦးမောင်တင့်-ဒေါ်စောတင်)တို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ပိုင်းရပ်ကွက်၊ (၈၂)လမ်း၊ အမှတ်(၆၇)ခြောက်လွှာနေ ဒေါ်လှကြည်၏ ခင်ပွန်း၊ ဦးတင်မောင်စိုး(အင်/မှူး၊ လျှပ်စစ်၊ငြိမ်း)-ဒေါ်စန်းစန်းဝင်း(ငယ်/ယာ-၃၊ မြို့ပြ၊ မြောက်ပိုင်းခရိုင်)၊ ဦးဝင်းမြင့်-ဒေါ်ချိုချို(နန္ဒဝန်ဈေးသစ်)၊ ဦးဝင်းနိုင်(အောင်ဘုရားသားစ်ကုမ္ပဏီလီမိတက်)တို့၏ ဖခင်၊ မောင်ခန့်စည်၏အဘိုးသည် ၂၂-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၂၄-၇-၂၀၀၃ (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ရဟန်းအမကြီး
ဒေါ်ထွေးတင် (၆၆)နှစ်
(သာကေတ)

ရန်ကုန်တိုင်း၊မှော်ဘီမြို့နယ်၊ရေကျော်ရွာနေ ဦးဘခင်-ဒေါ်ကျော့တို့၏ သမီးထွေး၊ သာကေတမြို့၊ မာန်ပြေ(၁၃)လမ်း၊ (၃)ရပ်ကွက်နေ ဦးချန်ကောင်-ဒေါ်စိန်တင်တို့၏ညီမ၊ မှော်ဘီမြို့နယ်၊ ရေကျော်ရွာနေ ဦးလှသိန်း-(ဒေါ်မြတင်)၊ ဦးမင်းခင်-ဒေါ်သန်းစိန်၊ (ဦးလှစိန်-ဒေါ်တင်ကြည်)၊ ဦးချွေးပု-ဒေါ်ငွေစော၊ (ဦးထွန်းကြိုင်)-ဒေါ်လှညွန့်၊ (ဦးညွှင်းမောင်-ဒေါ်ပန်းဥ)တို့၏ ညီမ၊ သာကေတမြို့၊ ၃ရပ်ကွက်၊ မာန်ပြေ(အရှေ့)၊ (၂၁)လမ်း၊ အမှတ်(၃၆/ခ)နေ ဦးတင်နွယ်၏ ဇနီး၊ ဦးသိန်းထွန်း-မခင်မြသိန်း၊ ကိုကြည်စိုး-မစန္ဒာမြင့်၊ ကိုမြင့်နွယ်(စက်မှု-၁)-မချိုချို၊ ဦးဝဏ္ဏသာမိ၊ ကိုမြင့်ဦး-မတင်တင်ဝင်း၊ ကိုမောင်မောင်သန်း-မစန်းစန်းဝင်း၊ မမြင့်မြင့်ဆွေ(SHM ကုမ္ပဏီ)တို့၏ မွေးသမိခင်၊မြေး၁၀ယောက်တို့၏အဘွားသည် ၂၂-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၂၄-၇-၂၀၀၃ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချီရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

တိုးတက်လာသော လျှပ်စစ်ဓာတ်အားလိုအပ်ချက်ဖြည့်ဆည်းရေး ရွှေလီ ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်လျက်ရှိ တစ်နှစ်လျှင် ယူနစ်ပေါင်း ၁၀၄၂ ... ထုတ်လုပ်နိုင်မည်

သတင်းဆောင်းပါး နှင့် ဓာတ်ပုံမှတ်တမ်း – ခရမ်းစိုးမြင့်

ရန်ကုန် ဇူလိုင် ၂၂

မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေး၊ မုံရွာဝန်းကျင်ရှိ စက်မှုလုပ်ငန်းများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်၊ နမ့်ခမ်း၊ ကြူကုတ်၊ လားရှိုးအပါအဝင် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်ရှိ မြို့ရွာများ၊ ကချင်ပြည်နယ် ဗန်းမော်မြို့နှင့် ပတ်ဝန်းကျင် ဒေသများသို့ လျှပ်စစ်ဓာတ်အား တိုးချဲ့ပို့လွှတ်ဖြန့်ဖြူးနိုင်ရန် ရွှေလီရေအားလျှပ်စစ်စီမံကိန်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနက ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် တည်ဆောက်လျက်ရှိသည်။

ရွှေလီရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်မည့် ရွှေလီမြစ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ စတင်မြစ်ဖျားခံပြီး မြန်မာနိုင်ငံ မူဆယ်နှင့် နမ့်ခမ်းမြို့များအနီးမှ ဖြတ်သန်း၍ အင်းရွာအနီး ဧရာဝတီမြစ်အတွင်း စီးဝင်လျက် နမ့်ခမ်းမြို့၏ အနောက်ဘက် ၁၇မိုင်ခန့်အကွာ အရှည်ပေ ခြောက်မိုင်တွင် အနိမ့်အမြင့် ကွာခြားချက်ပေ ၁၀၀၀ခန့်အတွင်း ရေကျရေတံခွန်များ ဖြစ်ပေါ်နိမ့်ဆင်းသွားသည်။ ယင်းရွှေလီမြစ်ကို အသုံးချ၍ ရေအားလျှပ်စစ်ထုတ်လုပ်မည့် စီမံကိန်းဖြစ်သည်။

နမ့်ခမ်းမြို့၏ အနောက်တောင်ဘက် ၁၇မိုင်ခန့်ဝေးသည့် မန်တက်ရွာအနီးတွင် တည်ဆောက်နေသော ရွှေလီရေအားလျှပ်စစ်စီမံကိန်းအတွက် အဓိကရေအားကိုယူရန် ကွန်ကရစ်တမံပိတ်မည့် ရွှေလီမြစ်ကျဉ်းနေရာကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–ခရမ်းစိုးမြင့်)

ပဏာမတိုင်းတာ

ရွှေလီရေအားလျှပ်စစ်စီမံကိန်း ဖြစ်မြောက်နိုင်စွမ်း ပဏာမတိုင်းတာရေးလုပ်ငန်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ မြန်မာအင်ဂျင်နီယာများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံမှ ပညာရှင်များပါဝင်သော အဖွဲ့သည် ၁၉၉၆ခုနှစ်မှ ၂၀၀၀ပြည့်နှစ်အတွင်း လေးကြိမ်တိုင်တိုင် ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ရွှေလီရေအားလျှပ်စစ်စီမံကိန်းကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့၏ အနောက်တောင်ဘက် ၁၇မိုင်ခန့် အကွာ မန်တက်ကျေးရွာအနီးတွင် တည်ဆောက်မည်ဖြစ်ပြီး တပ်ဆင်မည့်စက်အင်အားမှာ ပထမအဆင့် မဂ္ဂါဝပ် ၂၀၀နှင့် ဒုတိယအဆင့် မဂ္ဂါဝပ် ၂၀၀ဖြစ်ပြီး တစ်နှစ်လျှင် ယူနစ်သန်းပေါင်း ၁၀၄၂ ဓာတ်အား ထုတ်လုပ်မည်ဖြစ်သည်။ တည်ဆောက်ရေးစီမံကိန်း ကာလမှာ ၂၀၀၂–၂၀၀၃ခုနှစ်မှစတင်ပြီး ၂၀၀၄–၂၀၀၅ ခုနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်သည်။

စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်း လုပ်ငန်းကို ၂၀၀၂ခုနှစ် ဖေဖော်ဝါရီ ၂၆ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Machinery & Equipment Import & Export Corporation (YMEC)နှင့် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ⇨**

အားစမ်းအန်တု ဖက်ပြိုင်သလို

နိုင်ငံတော်အစိုးရပိုင်းက ပြစ်ချက်အနာအဆာ ဗရပွ ဖြစ်နေတဲ့ ကျွန်တော်တို့ "အင်န်အယ်လ်ဒီ" ပါတီနဲ့ ပတ်သက်လို့ "အန်တီစု" ရဲ့ ဆန္ဒအရ လုပ်ကိုင်လိုတာတွေနဲ့ ပတ်သက်လို့ ထိုက်သင့်တဲ့ အတိုင်းအတာအတွင်းက ခွင့်ပြုခဲ့ပေမယ့်လည်း "အန်တီစု"နဲ့ "အင်န်အယ်လ်ဒီ" ပါတီဝင် အချို့ရဲ့ လုပ်ဆောင်ချက်တွေဟာ ဟန်ချက်ညီ ပူးပေါင်း ဆောင်ရွက်မှု အနေအထားမျိုးမဟုတ်ဘဲ ရတဲ့အခွင့်အရေး ကို အသုံးချပြီး အားစမ်းအန်တု ဖက်ပြိုင်သလို ဖြစ်နေခဲ့ပါတယ်။

(မောင်ရင်မှိုင်း၏ဆောင်းပါးကိုစာမျက်နှာ ၈–၉ တွင် ဆက်လက်ဖတ်ရှုနိုင်ပါသည်။)

တနင်္သာရီတိုင်း ထားဝယ်ခရိုင်ရှိ မောင်းမကန်ကမ်းခြေ အနီး တစ်ဝိုက်တွင် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနေသည့် ကျောက်ပုစွန် မွေးမြူရေးလုပ်ငန်းမှ မွေးမြူထားသည့် ကျောက်ပုစွန်ကို ဤသို့တွေ့ရှိ ရသည်။ [ဓာတ်ပုံ–သတင်းထောက်ခင်မောင်ကြီး(ထားဝယ်)]



တနင်္သာရီတိုင်း ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်မှ မောင်းမကန် ကမ်းခြေ၏ သဘာဝရှုခင်းအလှ ကို ဤသို့ တွေ့မြင်ခံစားနိုင် သည်။ [ဓာတ်ပုံ–သတင်းထောက် ခင်မောင်ကြီး(ထားဝယ်)]

ခရီးသွား ဧည့်သည်များ အပန်းပြေစေမည့် တနင်္သာရီကမ်းရိုးတန်းမှ မောင်းမကန်ပင်လယ်ကမ်းခြေ

သတင်းဆောင်းပါး–သိန်းဝင်းလတ်၊ ဓာတ်ပုံ–ခင်မောင်ကြီး(ထားဝယ်)

ရန်ကုန် ဇူလိုင် ၂၂

မလေးဘာသာအသံထွက်ဖြင့် တာနားဆရီ၊ မြန်မာလို ပန်းများလန်းရာမြေဟု အဓိပ္ပာယ်ရပြီး နှစ်ပေါင်း ထောင်ချီ၍ ဖြစ်တည်ခဲ့ရသော တနင်္သာရီတိုင်းတွင် မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များစွာ ရှိသည်။ မြေပေါ် မြေအောက် သယံဇာတများဖြစ်သည့် တွင်းထွက်သတ္တုအမျိုးမျိုးနှင့် ရတနာများ၊ ရော်ဘာ၊ ဆီအုန်း၊ သီဟိုဠ်စေ့၊ ပရဆေးနှင့် သစ်တောထွက်ပစ္စည်းများ၊ ရေပေါ်ရေအောက် သယံဇာတပစ္စည်းများ ဖြစ်သည့် ပုလဲ၊ ငှက်သိုက်၊ ငါး၊ ပုစွန်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ပေါကြွယ်ဝသော တိုင်းတစ်တိုင်း လည်း ဖြစ်ပေသည်။ **စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ➥**

ရွာရန်ရာနှုန်း ၈၀

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။